မြဝတီ The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

ကောင်းမှုအနည်းငယ်ပြုဖန်များသော် ကောင်းမှုနှင့်ပြည့်

ငါ၏ အနည်းငယ်မျှသော ကောင်းမှုသည် ငါ့အား အကျိုးမပေးလတ္တံ့ဟု ကောင်းမှုကို မထီမဲ့မြင် မမှတ်ရာ၊ မိုးပေါက်ကျဖန်များသော် ရေအိုးကြီးပင် ပြည့်လေသကဲ့သို့၊ ကောင်းမှုကို အနည်းငယ် အနည်းငယ်ပြုဖန်များသော် ပညာရှိသည် ကောင်းမှုနှင့် ပြည့်လေ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 30 October 2024 ၁၁၆၂၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ဓာတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်းဝန်ဆောင်မှု လုပ်ငန်းနှင့်စပ်လျဉ်း၍ အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့သည် (၂၄-၁၀-၂၀၂၄) ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်၊ ၃၅/၂၀၂၄ ဖြင့် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ(ဂ) အရ ဓာတ်သတ္တု (ရွှေ) ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုအဖြစ် သတ်မှတ်ကြေညာပြီး ယင်းဝန်ဆောင်မှုနှင့်သက်ဆိုင်သည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တားမြစ်မိန့်၊ စည်းမျဉ်းသတ်မှတ်မိန့်၊ ကြီးကြပ်မိန့်၊ ကာကွယ်မိန့်နှင့် လိုအပ်သလို ဆောင်ရွက်စေသည့် အမိန့်ထုတ်ပြန်နိုင်ခွင့်ကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအား အပ်နှင်းခဲ့သဖြင့် ဝန်ကြီးဌာနက ဓာတ်သတ္တု(ရွှေ) ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုအဖြစ် သတ်မှတ်သည့် အမိန့်ကို (၂၅-၁၀-၂၀၂၄)ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၀၃၈/၂၀၂၄ ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

အဆိုပါအမိန့်ကြော်ငြာစာအရ ဓာတ်သတ္တု(ရွှေ) ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရန်အတွက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက (၂၅-၁၀-၂၀၂၄) ရက်နေ့တွင် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ် ၀၅၅/၂၀၂၄ နှင့်အညီ လုပ်ငန်းလိုင်စင်လျှောက်ထားရယူရန်နှင့် သတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာခြင်းမရှိပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေပုဒ်မ ၅ နှင့်အညီ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ယနေ့ ဖတ်စရာ

ဆင်မကြီးမိုမို (၇၁)နှစ်ပြည့် မွေးနေ့ပွဲကျင်းပမည်

စာမျက်နှာ » ၄

ပြုပြင်ပြောင်းလဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်ရေးကွင်းဆက် သဘောတရား၏ အကျိုးရလဒ်နှင့် ယနေ့ တရုတ်ပြည်သစ်




ဆောင်းပါး စာမျက်နှာ » ၆

ကမ္ဘာ့မီဒီယာဇာတ်ခုံပေါ်မှာ ဆွေးနွေးခဲ့ကြသည့် AI ခေတ် သတင်းမီဒီယာများနှင့် အနာဂတ် စိန်ခေါ်မှုများ



ဆောင်းပါး စာမျက်နှာ » ၁၁



ပုဂံယဉ်ကျေးမှုနယ်မြေရှိ အလိုတော်ပြည့်ဘုရားတွင် သီတင်းကျွတ်ကာလ၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

ပုဂံယဉ်ကျေးမှုနယ်မြေသို့ ပြည်ပခရီးသွား ပိုမိုဝင်ရောက်မည်ဟု ခန့်မှန်းထား

ရန်ကုန် အောက်တိုဘာ ၂၉

လာမည့်ခရီးသွားရာသီတွင် ပုဂံယဉ်ကျေးမှုနယ်မြေသို့ ပြည်ပခရီးသွား ပိုမိုဝင်ရောက်မည်ဟု ခန့်မှန်းထားကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ပုဂံရုံးခွဲ)မှ သိရသည်။

"ပုဂံကို ပြည်ပခရီးသွား ၁၀၀၀၀ နီးပါး ၂၀၂၃ ခုနှစ်မှာ စက်တင်ဘာလအထိ ဝင်ရောက်ခဲ့တယ်။ ၂၀၂၄ ခုနှစ် ကာလတူနိုင်းယှဉ်ရင် ၁၀၀၀၀ ကျော်အထိ ရှိခဲ့ပါတယ်။ ပြီးခဲ့တဲ့သီတင်းကျွတ်ပွဲတော် ကာလမှာလည်း ပြည်တွင်း၊ ပြည်ပခရီးသွားတွေ လာရောက်မှုများခဲ့တယ်။ ဒါကြောင့် လာမယ့်ခရီးသွားကာလမှာ ပုဂံယဉ်ကျေးမှုနယ်မြေကို ပြည်ပခရီးသွား ပိုမိုဝင်ရောက်မယ်လို့ ခန့်မှန်းထားပါတယ်။ ပုဂံဒေသဟာ ပြည်တွင်းခရီးသွားသာမက ပြည်ပခရီးသွားတွေ နှစ်ခြိုက်တဲ့ မြန်မာနိုင်ငံရဲ့ယဉ်ကျေးမှုအမွေအနှစ်ဒေသမို့ လာရောက်လည်ပတ်ဖို့ နွေးထွေးစွာ ဖိတ်ခေါ်ပါတယ်"ဟု ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန (ပုဂံရုံးခွဲ)မှ **စာမျက်နှာ ၄ ကော်လံ ၁ သို့ ○**

နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေး အဟန့်အတားဖြစ်မှုများဖယ်ရှား

“တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံစီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်”ဆိုသည့် ရှေ့လုပ်ငန်းစဉ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကဏ္ဍအသီးသီးတွင် တိုးတက်ဖြစ်ထွန်းမှုများ အတိုင်းအတာတစ်ခုအထိ ရရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။

သို့သော် နိုင်ငံစီးပွား မြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ စဉ်ဆက်မပြတ် မြင့်မားတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရာတွင် အစိုးရတစ်ရပ်တည်းက ကြိုးပမ်းဆောင်ရွက်နေရုံမျှဖြင့် ရည်မှန်းထားသည့်အတိုင်း အောင်မြင်မှုများကို အပြည့်အဝရရှိနိုင်မည်မဟုတ်ပေ။ နိုင်ငံစီးပွားတိုးတက်အားကောင်းလာရေး၊ လူမှုစီးပွားမြင့်မားရေးအတွက် နိုင်ငံတော်နှင့်အတူ ပြည်သူလူထုတစ်ရပ်လုံးကလည်း ပြဋ္ဌာန်းထားသည့် စည်းကမ်းဥပဒေများကို လေးစားလိုက်နာဆောင်ရွက်ခြင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးအားကောင်းလာစေရေးအတွက် တက်ညီလက်ညီ ပူးပေါင်းပါဝင်ခြင်းတို့ကို အလေးထားဆောင်ရွက်ကြမှသာ အောင်မြင်မှုများ အပြည့်အဝ ရရှိနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ပကတိအနေအထားများအရ နိုင်ငံစီးပွားရေးနှင့် လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးအတွက် လုပ်နိုင်ကိုင်နိုင်၊ လုပ်သာကိုင်သာရှိသော အခြေခံကောင်းများစွာ ပိုင်ဆိုင်ထားသည်။ နိုင်ငံတော်နှင့် ပြည်သူများ၏ စီးပွားရေးဘဝမြင့်မားတိုးတက်လာရာတွင် စည်းကမ်းနည်းလမ်းတကျ လိုက်ပါဆောင်ရွက်မှုတွင် အားနည်းနေသည်။ အထူးသဖြင့် ကုန်သွယ်စီးပွားကဏ္ဍတွင် ဥပဒေစည်းကမ်းလိုက်နာမှုမရှိသဖြင့် စီးပွားရေးမတည်ငြိမ်မှု၊ ဂယက်ရိုက်ခတ်မှုများရှိနေသည်။

နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေပြီး အဟန့်အတားဖြစ်စေမည့် တရားမဝင်ကုန်သွယ်မှုကိစ္စများ ကြီးထွားနေသည်ကို တွေ့ရမည်ဖြစ်သည်။ တရားမဝင်ကုန်သွယ်မှုများကို စဉ်ဆက်မပြတ် တိုက်ဖျက်နေသော်လည်း နေ့စဉ်နှင့်အမျှ ဖမ်းဆီးရမိနေသည်မှာ လျော့ပါးသွားခြင်းမရှိကြောင်း သက်သေပြလျက်ရှိသည်။ တရားမဝင်ကုန်သွယ်မှုသည် အကျိုးအမြတ်များပြားသဖြင့် ဖမ်းဆီးအရေးယူမှုများကြားမှ ဆက်လက်ကျူးလွန်နေဟန်တူသည်။ တရားမဝင်ကုန်သွယ်မှုကိစ္စများကြောင့် နိုင်ငံစီးပွားရေးထိခိုက်မှုရှိသည့်အပြင် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ လုပ်ကိုင်နေကြသည့် တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ကုန်ထုတ်လုပ်မှု၊ ဈေးကွက်ယှဉ်ပြိုင်မှု၊ စွမ်းဆောင်ရည်နှင့် စွမ်းဆောင်နိုင်မှုအားများ လျော့ကျစေသည်။

ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုကိစ္စများအား ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်နိုင်ရန် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီက တိုက်တွန်းထားသည်။ အဆင့်ဆင့်သော ပြည်နယ်နှင့် တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များက ဆက်လက်၍ ထိရောက်စွာတိုက်ဖျက်သွားရန် လိုအပ်သည်။ သို့မှသာ ကုန်ထုတ်လုပ်မှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုမှတစ်ဆင့် ပို့ကုန်ကဏ္ဍနှင့် ကူးသန်းရောင်းဝယ်ရေးကဏ္ဍ မြင့်မားတိုးတက်လာမည်ဖြစ်သည်။ ၎င်းမှတစ်ဆင့် ပြည်တွင်းသုံးစွဲသည့် ငွေလည်ပတ်မှုအားကောင်းစေမည့် ကဏ္ဍများအပါအဝင် နောက်ဆုံး ပြည်ပပို့ကုန်တင်ပို့နိုင်မှုကို ဖွံ့ဖြိုးတိုးတက်စေလျက် နိုင်ငံခြားငွေစီးဆင်းမှုများလည်း မြန်မြန်ဆန်ဆန် သွက်သွက်လက်လက် ဖြစ်ပေါ်လာမည်။ နိုင်ငံ၏ ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုအခန်းကဏ္ဍအပိုင်းကလည်း တစ်ပါတည်း လိုက်ပါဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် သယံဇာတပေါများကြွယ်ဝပြီး စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည့်အတွက် စီးပွားရေးတိုးတက်အောင် ဆောင်ရွက်ရာတွင် သဘာဝသယံဇာတထုတ်ကုန်များနှင့် စိုက်ပျိုးရေးထွက်ကုန်များကို အဓိကထုတ်လုပ်နိုင်အောင် အားပေးမြှင့်တင်လျက်ရှိသည်။ ထို့အတူ ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ ပြည်တွင်းပို့ကုန်အမည်(အမယ်)သစ်များ တင်ပို့နိုင်ရေးအတွက် နိုင်ငံတော်က စီမံချက်များ ချမှတ်ဆောင်ရွက်နေသည့် MSME လုပ်ငန်းများ တိုးတက်လာအောင် အားပေးဆောင်ရွက်လျက်ရှိသည်။ ပြည်တွင်းထုတ်ကုန်များ အဆင့်မီမီထုတ်လုပ်နိုင်လျှင် ပြည်တွင်း၌ ရောင်းဝယ်ဖောက်ကားမှုများ အားကောင်းပြီး ပြည်ပသို့ပါတင်ပို့နိုင်မည်ဆိုပါက ဈေးကွက်တည်ငြိမ်အားကောင်းပြီး နိုင်ငံ့စီးပွားရေးနှင့် လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်တွင်းကုန်ထုတ်လုပ်ငန်းများနှင့် ပြည်တွင်းဈေးကွက်စီးပွားရေးတည်ငြိမ်အားကောင်းလာစေရန်အတွက် အဓိကကျသော အဟန့်အတားအနှောင့်အယှက်မှာ တရားမဝင်ကုန်သွယ်မှုကိစ္စများ အားကောင်းနေခြင်းဖြစ်၍ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဓိကအဟန့်အတားဖြစ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ်များစွာ ဆိုးကျိုးသက်ရောက်မှုဖြစ်စေသည့် ဆက်လက်ကြီးထွားနေသော တရားမဝင်ကုန်သွယ်မှုကိစ္စများကို မဖြစ်မနေ ထိထိရောက်ရောက် တားဆီးကာကွယ် တိုက်ဖျက်ကြရမည်ဖြစ်ပါကြောင်း။ ။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ကြေညာချက်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနရှိ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များနှင့် Polytechnic University များ၏ ဘွဲ့ကြို၊ ဘွဲ့လွန် သင်တန်းများအားလုံးကို (၂၁-၁၁-၂၀၂၄) ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။ ကျောင်းအပ်လက်ခံခြင်းကို (၁၄-၁၁-၂၀၂၄)ရက်မှစတင်၍ လက်ခံဆောင်ရွက်မည်ဖြစ်သည်။

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန

အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM)ဖြင့် ဆက်လက်ဖြေရှင်းဆောင်ရွက်လျက်ရှိ တိုင်ကြားသူနှင့် အဓမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်

မြန်မာနိုင်ငံသည် ၄-၃-၁၉၅၅ ခုနှစ်တွင် အဓမ္မခိုင်းစေမှုဆိုင်ရာပြဋ္ဌာန်းချက်အမှတ် ၂၉ ကို လက်ခံကျင့်သုံးလိုက်နာဆောင်ရွက်ခဲ့ပြီး အဓမ္မခိုင်းစေမှုပပျောက်စေရေးဆောင်ရွက်ရာ၌ မြန်မာနိုင်ငံအစိုးရကို ပိုမိုထိရောက်စွာအထောက်အကူပြုနိုင်ရန် ၂၀၁၂ ခုနှစ်တွင် ILO ဆက်သွယ်ရေးအရာရှိတစ်ဦးကို မြန်မာနိုင်ငံတွင် လက်ခံထားရှိရန် မြန်မာနိုင်ငံအစိုးရနှင့် ILO တို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ် (Memorandum of Understanding-MoU) ကို လက်မှတ်ရေးထိုးခဲ့သည်။

နောက်ဆက်တွဲနားလည်မှုစာချွန်လွှာ (Supplementary Understanding-SU) ကို ၂၀၁၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (Complaints Mechanism) ထူထောင်ကာ တိုင်ကြားချက်များကို လက်ခံဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM)ကို ၂၀၂၀ ပြည့်နှစ်တွင် ထူထောင်ပြီး လည်ပတ်ဆောင်ရွက်ခဲ့ရာတွင် အလုပ်သမားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေးအမျိုးသားကော်မတီမှ အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဤကဲ့သို့ အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားချက်များကို အမျိုးသားအဆင့်အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) မှ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ မည်သူမဆို အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ILO ဆက်သွယ်ရေးအရာရှိရုံး(ရန်ကုန်)နှင့် အခြားအဖွဲ့အစည်းများမှတစ်ဆင့်လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန ရုံးအမှတ်(၅၁) နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာဖြင့်လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၀၇၄ နှင့် E-mail လိပ်စာ directorgeneral.dol@gmail.com, moloffice 51@gmail.com, research. org.dol.mm@gmail.com များသို့လည်းကောင်း တိုင်ကြားသူနှင့် အဓမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့်အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားနှင့် အလုပ်သမားဝန်ကြီးဌာနမှ အသိပေးကြေညာထားသည်။

သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၉ - ၁၀ - ၂၀၂၄

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အဝိတ်ဈေး (ကျပ်)	ရွယ်ယာစောင်ရေ	ရွယ်ယာတန်ဖိုး (ကျပ်)
FMI	၈,၄၀၀	၈,၅၀၀	၂၃၀	၁,၉၁၉,၃၀၀
MTSH	၃,၃၀၀	၃,၃၀၀	၁,၃၂၉	၄,၃၃၅,၇၀၀
MCB	၈,၄၀၀	၈,၄၀၀	၉၃	၇၈၁,၂၀၀
FPB	၂,၀၀၀	၂,၀၀၀	၁,၂၉၂	၂,၅၈၄,၀၀၀
TMH	၂,၈၀၀	၂,၈၅၀	၁၀၉	၃၁၀,၂၀၀
EFR	၁,၇၀၀	၁,၆၅၀	၇၀၇	၁,၁၇၆,၅၅၀
AMATA	၄,၄၀၀	၄,၅၀၀	၃၈	၁၆၇,၄၀၀
MAEX	၃,၃၀၀	၃,၃၀၀	၇၄၁	၂,၄၄၅,၃၀၀
MADPL(PLB)	၃၅,၀၀၀	၃၅,၀၀၀	၀	၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ဒဂုံတိုင်းမြို့

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊
သတင်းထောက်များ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
သတင်းထောက်များ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၅၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၃
မန္တလေးရုံး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုံးပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

(၉)ကြိမ်မြောက် အာယုဗေဒနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ



မန္တလေး အောက်တိုဘာ ၂၉

တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး)နှင့် အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးတို့ ပူးပေါင်းကျင်းပသည့် (၉)ကြိမ်မြောက် အာယုဗေဒနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး)၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး Mr. Shri Abhay Thakur၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အစိုးရအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းရင်းဆေးနယ်ပယ်အသီးသီးမှ တာဝန်ရှိသူများ၊ ဆေးနှင့် ဆေးဘက်နှီးနွယ်တက္ကသိုလ်များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် အာယုဗေဒ ဆေးပညာရပ်သည် လွန်ခဲ့သည့် နှစ်ပေါင်း ၅၀၀၀ ခန့်မှ စတင်၍ ကျင့်သုံးခဲ့သော ရိုးရာတိုင်းရင်းဆေးဆိုင်ရာ ပညာရပ်တစ်ခုဖြစ်ကာ စိတ်နလုံးနှင့် ခန္ဓာကိုယ် ကျန်းမာရေး သမမျှတအောင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ရှေးယခင်ကတည်းက ကျန်းမာရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများရှိခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှု၊ သုတေသနလုပ်ငန်းများဆောင်ရွက်မှုနှင့် ကျန်းမာရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ယခုနှစ် အာယုဗေဒနေ့အထိမ်းအမှတ် ဆောင်ပုဒ်ဖြစ်သည့် "Ayurvedic Innovation for Global Health" သည် အာယုဗေဒပညာရပ်၏ ကျန်းမာရေးကဏ္ဍတွင် အရေးပါမှုအား မီးမောင်းထိုးပြလျက်ရှိပြီး အာယုဗေဒပညာရပ်၏ အခြေခံနိယာမများဖြစ်သည့် အစားအသောက်ဂရုစိုက်ခြင်း၊ ရေဓာတ်လုံလောက်စွာ ရရှိရန်ဂရုပြုခြင်း၊ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်အောင် နေထိုင်ခြင်းအစရှိသည့် မိမိကျန်းမာရေးအား အလုံးစုံခြုံငုံ အလေးထားခြင်းကို တစ်ကမ္ဘာလုံး သတိပြုမိစေရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးက အိန္ဒိယနိုင်ငံအနေဖြင့် အာယုဗေဒဆေးဝါး ပညာရပ်နှင့်ပတ်သက်၍ Shangi Cooperation Organization နှင့် BIMSTEC အဖွဲ့ဝင်နိုင်ငံများနှင့်လည်း အသိပညာများမျှဝေ၍ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ နှစ်နိုင်ငံအကြား အာယုဗေဒပညာရပ်သင်ကြားရေးနှင့် သုတေသနနယ်ပယ်များတွင် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး)မှ ဒုတိယပါမောက္ခချုပ် (သင်ကြားရေး) ဦးဌေးလွင်က Myanmar and Ayurvedic Medicine နှင့် ပတ်သက်၍ လည်းကောင်း၊ ရန်ကုန်မြို့ Swami Vivekonon da Cultural Centrer မှ Director Mr. Ashish Kumar က Evolution of Ayurveda and Importance of Ayurveda in day-to-day life နှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



လှည်းကူးမြို့နယ်၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် စစ်ပင်မြောက်ကျေးရွာရှိ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဓမ္မဝိဟာရကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၆၀ တို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ထိန်းသိမ်းခြင်းနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်ခြင်း (၁၀) နှစ်ပြည့်အခမ်းအနား ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၉

ဇီဝမျိုးစုံမျိုးကွဲ ဆိုင်ရာ ထိန်းသိမ်းခြင်းနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်ခြင်း (၁၀) နှစ်ပြည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Grand Amara ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူက တရုတ်-မြန်မာ နှစ်နိုင်ငံအကြား တွဲလက်ညီညီဖြင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အောင်မြင်ကောင်းမွန်သော ရလဒ်များစွာရရှိခဲ့ကြောင်း၊ ယခု (၁၀) နှစ်ပြည့် အခမ်းအနားမှစ၍ အနာဂတ် ကာလများတွင်လည်း နိုင်ငံ၏ သယံဇာတအရင်းအမြစ်များ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် သစ်တောဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့် တရုတ်သိပ္ပံအကယ်ဒမီ (CAS) မှ တာဝန်ရှိသူများက (၁၀) နှစ်ကြာ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခဲ့မှု ရလဒ်များကို တင်ပြခြင်း၊ မြန်မာနိုင်ငံမှ စီမံကိန်းလုပ်ငန်းဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်တိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြခြင်းတို့ ဆောင်ရွက်ကြရာ တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။

အခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံဆိုင်ရာ သံမှူးကြီးနှင့် တရုတ်သိပ္ပံအကယ်ဒမီ(CAS)မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပါမောက္ခများ၊ ကျောင်းသား ကျောင်းသူများ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

❍ ရှေ့ဖိုးမှ

ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းအောင်က ပြောသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် ကမ္ဘာတွင် ထင်ရှားသည့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ပေါကြွယ်ဝသော နေရာတစ်ခုဖြစ်သည့်အတွက် နှစ်စဉ် ပြည်တွင်း၊ ပြည်ပ ခရီးသွားများ လာရောက်လည်ပတ်လျက်ရှိပြီး ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့ရေးအတွက် ရှေးဟောင်းရေကန်များနှင့် ဘုရား၊ စေတီ၊ ပုထိုးများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ဝန်ဆောင်မှုပေး

ခရီးသွားအေဂျင်စီများသည် ပုဂံခရီးစဉ်အတွက် ပြည်ပခရီးသွားများအား ဝန်ဆောင်မှုပေးရာတွင် ပုပ္ပားတောင်နှင့် ပုပ္ပားတောင်အမျိုးသား ဘူမိဗေဒယျာဉ်တို့ကိုပါ တစ်ဆက်တည်း ဝင်ရောက်လည်ပတ်သော



ခရီးစဉ်ဒေသများအဖြစ် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့် သီတင်းကျွတ်ကာလတွင် ပုဂံနှင့်ပုပ္ပားသို့ ခရီးသွားဝင်ရောက်မှု များပြားခဲ့ပြီး လာမည့် တန်ဆောင်တိုင်ပွဲတော်ကာလတွင်လည်း ခရီးသွားဝင်ရောက်မှု များပြားနိုင်သည့်အတွက် ဒေသရှိဟိုတယ်၊ တည်းခိုခန်း၊ ဒေသထွက်ကုန်၊ အစားအသောက်နှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများကို ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"သီတင်းကျွတ်ပွဲတော်ကာလ ပိတ်ရက်တွေမှာ ဟိုတယ်အခန်းအားလုံး ပြည့်တဲ့အထိ ခရီးသွားတွေများခဲ့ပါတယ်။ လာမယ့် တန်ဆောင်တိုင်ပွဲတော်ကာလ ပိတ်ရက်အတွက် အခန်းကြိုတင်စာရင်းပေးတာလည်း ပြည့်နေပါပြီ။ ကျွန်တော်တို့ဆီမှာ ပြည့်နေတဲ့အတွက် တခြားဟိုတယ်တွေကို လွှဲပြောင်းပေးရတာရှိပါတယ်။ ကျွန်တော်တို့ဒေသဟာ ခရီးသွားအကြိုက်ဒေသတစ်ခုဖြစ်တဲ့အတွက် ခရီးသွားအားလုံးကို ဝန်ဆောင်မှုကောင်းတွေနဲ့ စောင့်ကြိုနေပါတယ်" ဟု ပုဂံဟိုတယ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ညိမ်းသူ(သတင်းစဉ်)

ဓာတ်ပုံ - ကနူး

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ၂၀၂၄ ခုနှစ် ပြည်ထောင်စုဝန်ကြီးဖလား အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ



နေပြည်တော် အောက်တိုဘာ ၂၉

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် ပြည်ထောင်စုဝန်ကြီးဖလား အားကစားပြိုင်ပွဲများကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်းနှင့် ဝန်ကြီးဌာနပိုင် အားကစားကွင်းများတွင် ဆက်လက် ကျင်းပလျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် ဘောလုံး(အမျိုးသား)ပြိုင်ပွဲ ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း(၁)၌ ကျင်းပရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် ကျောင်းသားများ တက်ရောက်ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲများအပြီးတွင် အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားကာ ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့ပြင် ယမန်နေ့ညနေပိုင်းကလည်း အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)၌ ဖူဆယ် (အမျိုးသား) ပြိုင်ပွဲ ပွဲစဉ်များကို ကျင်းပခဲ့ပြီး ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြကာ ယှဉ်ပြိုင်မှုများအပြီးတွင် အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



တောင်သူများသို့ နေကြာမျိုးစေ့နှင့် မြေဩဇာထောက်ပံ့ပေးအပ်

ကျောက်တံခါး အောက်တိုဘာ ၂၉

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် ဆီထွက်သီးနှံနေကြာစိုက်ပျိုးရန် တောင်သူများသို့ နေကြာမျိုးစေ့နှင့် မြေဩဇာ ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဆွေက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်နိုင်က အဓိကသီးနှံ ၁၀ မျိုးကို ပန်းတိုင်အထွက်နှုန်းရရှိအောင် အလေးထားဆောင်ရွက်လျက်ရှိရာ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ သီးနှံများလည်း အပါအဝင်ဖြစ်ပြီး ပန်းတိုင်အထွက်နှုန်းပြည့်မီကျော်လွန်ရေးအတွက် လိုအပ်သော အထွက်နှုန်းကောင်း မျိုးသန့်မျိုးစေ့များ သုံးစွဲရေး၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ စနစ်တကျသုံးစွဲရေး၊ စိုက်ပျိုးရေးရရှိရေး၊ ပိုးမွှားရောဂါ စနစ်တကျ ကာကွယ်နိုမ်နင်းရေးနှင့် သီးနှံစိုက်ပျိုးရေးနည်းစနစ်များကို သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်၍ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဆင်မကြီးမိုမို (၇၁)နှစ်ပြည့် မွေးနေ့ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၉

ဆင်မကြီးမိုမို၏ (၇၁)နှစ်ပြည့်မွေးနေ့ပွဲကို နိုဝင်ဘာ ၁ ရက်မှ ၃ ရက်အထိ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)တွင် ကျင်းပသွားမည်ဖြစ်သည်။

စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

မွေးနေ့ပွဲကို ပြည်သူ့ချစ် အနုပညာရှင်ပေါင်းများစွာနှင့်အတူ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ဆင်မကြီးမိုမိုအတွက် မွေးနေ့အလှူ အရာဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ Birthday Cake ခွဲခြင်း၊ Mo Mo Photo Exhibition၊ Keeper Talk၊ Music & Dance Performance၊ Magic Show၊ Photo Booth အစီအစဉ်များ ပါဝင်မည်ဖြစ်သည်။

လွိုင်ကော်ဒေသ တောနက်ကြီးထဲတွင် ဆင်မိသားစုနှင့် ကွဲကွာနေသော အသက် ခုနစ်နှစ်အရွယ် ဆင်မလေးတစ်ကောင်ကို သစ်ခုတ်သမား ဦးခွန်ဆန္ဒက တွေ့ရှိဖမ်းယူခဲ့ပြီး ဇနီးဖြစ်သူ နော်မိုမိုအား ဂုဏ်ပြု၍ မိုမိုဟု အမည်ပေးခဲ့ကာ ၁၉၆၁ ခုနှစ် ဇွန် ၆ ရက်တွင် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)သို့ ပို့ဆောင်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ဆင်မကြီး မိုမိုသည် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ လာရောက်လည်ပတ်ကြည့်ရှုလေ့လာသူများအား နှစ်ပေါင်း ၅၀ ကျော်ကြာ ဖျော်ဖြေပေးခဲ့ပြီး ၎င်း၏ အမည်အားခေါ်လိုက်လျှင် ပြန်လည်ထူးတတ်ပြီး လူများကို ချစ်ခင်လာစေရန် ကပြတတ်ကာ မမပုသိမ်သူ လမ်းလျှောက်သောပုံစံဖြင့် ကပြသည့်ကကွက်တို့မှာ လူကြိုက်များကြောင်း သိရသည်။

၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် အနာယူခဲ့ကာ မိုမိုအသက် (၆၀)ပြည့်မွေးနေ့မှစ၍ နှစ်စဉ်အောက်တိုဘာလတွင် မွေးနေ့ပွဲကို ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် ကျင်းပလေ့ရှိကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

စစ်ကိုင်းမြို့၌ ရွှေဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းဖွင့်လှစ်

စစ်ကိုင်း အောက်တိုဘာ ၂၉

လူမှုဝန်ထမ်း ဦးစီးဌာနနှင့် UNICEF တို့ပူးပေါင်း၍ ဌာနမူလတန်းကြိုကျောင်း၊ ကိုယ့်အား ကိုယ်ကိုး မူလတန်းကြိုကျောင်းနှင့် မိခင်ဝိုင်းများမှ ဆရာမများအတွက် အသက် သုံးနှစ်မှ ငါးနှစ်ရွှေဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက စစ်ကိုင်း မျက်မခြင်ကျောင်း၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲတွင် ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ခရိုင်ဦးစီးမှူးက လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းကြီး(၇) ရပ်အနက် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကို ပထမဦးစားပေးအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း၊ ရှေးဦးအရွယ်ဟုခေါ်သည့် မွေးစမှရှစ်နှစ်အရွယ် ကလေးများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ခြောက်လမှ သုံးနှစ်၊ သုံးနှစ်မှ ငါးနှစ် ကလေးများပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

စာတွေ့၊ လက်တွေ့ သင်ကြားပို့ချမည်

အဆိုပါသင်တန်းတွင် ကလေးသဘောသဘာဝနှင့်လိုအပ်ချက်၊ ကလေးဖွံ့ဖြိုးမှု၊ ဘာသာစကားဖွံ့ဖြိုးမှု၊ သင်ယူမှု၏အခြေခံအုတ်မြစ်များ၊ ကျန်းမာရေးနှင့် အာဟာရ၊ အစောပိုင်းကာလစာတတ်မြောက်မှု၊ လက်တွေ့ ပုံပြင်သင်ကြားခြင်း၊ ကစားခြင်းဖြင့် သင်ကြားခြင်း၊ တေးဂီတဖြင့် သင်ကြားခြင်း၊ ရှေးဦးပြုစုခြင်း၊ ကလေးစိတ်ပညာ၊ ကလေးများနှင့်အတူလုပ်ကိုင်ခြင်း၊ ပတ်ဝန်းကျင် အခြေပြုသင်ကြားခြင်း၊ သင်ထောက်ကူပစ္စည်းများ ပြုလုပ်ခြင်း ဘာသာရပ်များကို သင်တန်းသူ ၃၀ တို့အား ၂၁ ရက်ကြာစာတွေ့၊ လက်တွေ့သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။ **ဇော်မြင့်နိုင်**

သန်းခေါင်စာရင်း အကောက်မခံရသေးသော ပြည်သူများအား ပြန်လည်ကောက်ခံပေးသွားမည်

- ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ (၁၅) ရက်နေ့အထိ ကောက်ယူခဲ့ပါသည်။
- အကြောင်းအမျိုးမျိုးကြောင့် သန်းခေါင်စာရင်း အကောက်မခံရသေးသော ပြည်သူများအနေဖြင့် သန်းခေါင်စာရင်း ပြန်လည်ကောက်ခံနိုင်ရေးအတွက် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီနှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီထံသို့ ဆက်သွယ်နိုင်ပါကြောင်းနှင့် ဆက်သွယ်လာသည့် ပြည်သူများအား ပြန်လည်စာရင်းကောက်ယူပေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။
- ဖုန်းနံပါတ် - ၀၆၇-၄၃၁၀၆၂၊ ၀၆၇-၄၃၁၃၉၉၊ ၀၆၇-၄၃၁၀၆၇၊ ၀၆၇-၄၃၁၃၃၉

သို့လည်း ဆက်သွယ်မေးမြန်းအကြောင်းကြားနိုင်ပါသည်။ (ဗဟိုသန်းခေါင်စာရင်းကော်မရှင်)

ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ရှမ်းပြည်နယ် ညွှန်ကြားရေးမှူးရုံး၌ တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများနှင့်တွေ့ဆုံ



တောင်ကြီး အောက်တိုဘာ ၂၉

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ယနေ့မွန်းလွဲပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ရှမ်းပြည်နယ် ညွှန်ကြားရေးမှူးရုံး၌ တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအား သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများသည် မိမိတို့ရာထူးအဆင့်နှင့်လျော်ညီစွာအရည်အသွေးပြည့်ဝပြီး စွမ်းဆောင်ရည်မြင့်မားကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်ဘတ်ဂျက်ရန်ပုံငွေများကိုလည်း ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျမှန်ကန်စွာသုံးစွဲရေး၊ အလေအလွင့် ဆုံးရှုံးမှုနှင့် မသမာမှုများမရှိစေရေးနှင့် နိုင်ငံတော်၏ ခြိုးခြံချွေတာရေးမူများကိုလည်း အထူးအလေးဂရုပြုလိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း။

ဒို့တာဝန်အရေး(၃)ပါးကို မထိခိုက်စေဘဲ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံလျက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့နှင့်အညီ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းများတွင် ဝန်ထမ်းများအနေဖြင့် အစွမ်းကုန်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ရှမ်းပြည်နယ် ညွှန်ကြားရေးမှူးရုံး ရုံးအဝင်လမ်းခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များအပေါ် ချင်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန် ထပ်ဆင့်ရှင်းလင်း



ဟားခါး အောက်တိုဘာ ၂၉

နိုင်ငံတော် ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များအပေါ် ထပ်ဆင့်ရှင်းလင်းခြင်း အခမ်းအနားကို အောက်တိုဘာ ၂၉ ရက် နံနက် ၁၀ နာရီက ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ချင်းပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၁ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၇ / ၂၀၂၄)တွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန် မှာကြားချက်များအပေါ် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ သိရှိသင့်သိရှိထိုက်သည့် လမ်းညွှန်ချက်များကိုအချက် တစ်ခုချင်းစီ အလိုက် အကျယ်တဝင့် ထပ်ဆင့်ရှင်းလင်းပြောကြားသည်။

ယင်းနောက် ချင်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းထွန်းအောင်၊ လူမှုရေးရာဝန်ကြီး ဦးဝင်းဇော်ဦး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်နှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအောင်ချိုတို့က နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များအပေါ် ထပ်ဆင့်ရှင်းလင်းကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဘုတလင်မြို့နယ်၌ မိုးသီးနှံနေကြာ ၅၇၁၂ ဧက စိုက်ပျိုးပြီးစီး

မုံရွာ အောက်တိုဘာ ၂၉

စစ်ကိုင်းတိုင်း ဒေသကြီး ဘုတလင်မြို့နယ်၌ မိုးသီးနှံနေကြာ ၅၇၁၂ ဧက စိုက်ပျိုးပြီးစီး၍ လျာထားဧကထက် ခြောက်ဧကကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ပူးပေါင်းဆောင်ရွက်

မိုးနေကြာများစိုက်ပျိုးရာတွင် နေကြာမျိုးများ ဖြစ်သည့် စပ်မျိုး(၁)၊ ဆင်းရွှေကြာ(၂) နေကြာမျိုးများကို အထွက်နှုန်းကောင်းမွန်ရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေးတို့အတွက် စံကွက်များ၊ စမ်းသပ်ကွက်များကို စိုက်ပျိုးထားရှိပြီး တောင်သူများ မိုးနေကြာစိုက်ပျိုးရာသီတွင် သီးနှံများအောင်မြင် ဖြစ်ထွန်းရေးအတွက် လိုအပ်သော စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ၊ သွင်းအားစုများ၊ သီးနှံမျိုးစေ့များကို သက်ဆိုင်ရာ ခရိုင်၊မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကူညီထောက်ပံ့ပေးလျက်ရှိပြီး ပိုးမွှားရောဂါများ ကျရောက်မှုမရှိစေရေး ကြိုတင်ကာကွယ်ရေးဆိုင်ရာ နည်းလမ်းများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မိုးနေကြာများကို အောက်တိုဘာ ၁ ရက်မှစတင်ပြီး ရိတ်သိမ်းလျက်ရှိရာ ယနေ့အချိန်အထိ ၅၇၁၂ ဧက ရိတ်သိမ်းပြီးစီးကာ တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း ၂၄ ဒသမ ၃၀ တင်း ထွက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် အောက်တိုဘာ ၂၉

တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ကရင်ပြည်နယ်တွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/၈လ

ပြုပြင်ပြောင်းလဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်ရေးကွင်းဆက်သဘောတရား၏ အကျိုးရလဒ်နှင့် ယနေ့ တရုတ်ပြည်သစ်

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးရဲ့ လူမှုကွန်ရက်စာမျက်နှာထက်မှာ အောက်တိုဘာလ ၁ ရက်နေ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံထူထောင်ခြင်း (၇၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် လွန်ခဲ့တဲ့ (၇၅)နှစ်အတွင်း တရုတ်နိုင်ငံရဲ့ ကြီးမားတဲ့ပြောင်းလဲမှုပြယုဂ်တွေကို ဓာတ်ပုံ ၁၈ ပုံတွဲလျက် နိဒါးယှဉ်ဖော်ပြထားပါတယ်။



အဲဒီ ဓာတ်ပုံတွေအနက် စန်းကျန့် (Shenzhen) တံငါရွာလေးရဲ့ ၂၀ ရာစုနှစ် ၁၉၈၀ ပြည့်နှစ် အစောပိုင်းကာလက မြင်ကွင်းနဲ့ လက်ရှိ ၂၀၂၄ ခုနှစ် မြင်ကွင်း နှိုင်းယှဉ်ဖော်ပြထားတဲ့ပုံကို သတိပြုမိပါတယ်။ ယခင်ကရေပတ်လည်ပိုင်းနေတဲ့ ကွင်းပြင်သာသာမြေနေရာဟာအခုတော့မိုးပျံအဆောက်အအုံတွေ အစီအရီနဲ့ မိုးနဲ့မြေကွာခြားသလို ရင်သပ်ရှုမောမဆုံး တွေ့မြင်လိုက်ရပါတယ်။

၁၉၇၄ ခုနှစ် ဧပြီလမှာ တရုတ်ကွန်မြူနစ်ပါတီ စန်းတုန်ပြည်နယ်၊ ပြည်နယ်ပါတီကော်မတီက ဗဟိုကော်မတီကို ဟောင်ကောင်၊ မာကောက် (မကာအို) တို့နဲ့ နယ်နိမိတ်ချင်းစပ်နေတဲ့ စန်းကျန့်၊ ကျူးဟိုင် တို့မှာ ပြည်ပပို့ကုန်အချောကိုင် ဒေသထူထောင်သွားရေးကို တင်ပြလိုက်ပါတယ်။

တရုတ်နိုင်ငံရဲ့ ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်က အဲဒီနေရာတွေရဲ့ တန်ဖိုးကို ချက်ချင်းထက်ထက်မြက်မြက် တွက်ဆမိတဲ့အတွက် **"အထူးဒေသလို့ ခေါ်တာ ကောင်းပါတယ်။ ဟိုတုန်းကလည်း ရှမ်းဆီး-ကန်စု-နင်ရှုပြည်နယ် နယ်စပ်ဒေသကို အထူးဒေသလို့ ခေါ်ခဲ့တာပဲ။ ဗဟိုမှာတော့ ငွေမရှိဘူး။ ရဲဘော်တို့ဘာသာ ကိုယ်တိုင်သွားရောက်လုပ်ဆောင်ကြပါ။ ရှေ့ဆောင်လမ်းပြအဖြစ် လုပ်ပြကြပါ"** လို့ ချက်ချင်းအဖြေပေးလိုက်ပါတယ်။

သုံး၊ လေးနှစ်အတွင်း မိုးထိအဆောက်အအုံတွေ မှိုလိုပေါက်လာခဲ့

ဒီနောက်မှာတော့ အထူးဒေသရဲ့ ရှင်သန်မှုစွမ်းအားဟာ အလွန်လျင်မြန်စွာ တိုးတက်ပေါ်ထွက်လာပါတယ်။ သုံး၊ လေးနှစ်အတွင်းမှာ ယခင်တံငါရွာလေးဟာ မိုးထိအဆောက်အအုံတွေ မှိုလိုပေါက်လာခဲ့ပြီး ပမာဏအားဖြင့် ခေတ်မီမြို့ပြတစ်ခုရဲ့ အတိုင်းအတာအထိ ရှိလာခဲ့ပါတယ်။

၁၉၈၄ ခုနှစ်မှာ တိန့်ရှောင်ဖိန်ကိုယ်တိုင် အထူးဒေသကို လာရောက်ကြည့်ရှုစစ်ဆေးပြီးနောက် **"အထူးဒေသဟာ ပြတင်းပေါက်တစ်ခုဖြစ်တယ်။ အတတ်ပညာတွေရဲ့ ပြတင်းပေါက်၊ စီမံအုပ်ချုပ်မှုရဲ့ ပြတင်းပေါက်၊ အသိပညာတွေရဲ့ ပြတင်းပေါက် ဖြစ်သလို ပြည်ပပေါ်လစီရဲ့ ပြတင်းပေါက်လည်း ဖြစ်တယ်"** လို့ ဆိုလိုက်တယ်။ အဲဒီနောက် တရုတ်ပြည်မှာ စီးပွားရေးအထူးဒေသမှ ပင်လယ်ကမ်းရိုးတန်းတံခါးဖွင့်မြို့တွေဟာ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်၊ မြစ်ကမ်းတစ်လျှောက်နဲ့ အတွင်းပိုင်းဒေသတွေမှာ၊ နေရာအားလုံးတွေမှာ၊ အစီအစဉ်မျိုးစုံနဲ့ ကျယ်ပြောလှတဲ့ နယ်ပယ်ကြီးရဲ့ ပြည်ပတံခါးဖွင့်အခင်းအကျင်းများအဖြစ် တစ်စတစ်စ ဖြစ်တည်လာခဲ့ပါတယ်။ တရုတ်နိုင်ငံရဲ့ တံခါးဖွင့်လုပ်ဆောင်ချက်ဟာ စီးပွားရေးအထူးဒေသ ထူထောင်မှုကို မြစ်ဖျားခံခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။

တရုတ်နိုင်ငံဟာ ဒီလို ပြုပြင်ပြောင်းလဲရေးကို ဖော်ဆောင်ရာမှာ ပြုပြင်ပြောင်းလဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တည်ငြိမ်ရေးတို့ကို ကွင်းဆက်ကျကျ၊ အချိတ်အဆက်မိမိ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ပြုပြင်ပြောင်းလဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တည်ငြိမ်မှုတို့ရဲ့ ဆက်စပ်မှုကို ဂရုတစိုက်ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် ဝေါဟာရသုံးလုံးနဲ့ ပတ်သက်ပြီး တိန့်ရှောင်ဖိန်လက်ရွေးစင်ကျမ်းတတိယအတွဲရဲ့ ဆောင်းပါးတိုင်းနီးပါးမှာ သုံးသပ်ဆွေးနွေးထားပါတယ်။

ဒါ့အပြင် တိန့်ရှောင်ဖိန်ဟာ **"တည်ငြိမ်မှုဟာ ပြုပြင်ပြောင်းလဲရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးရဲ့ ရှေးဦးလိုအပ်ချက်နဲ့ အာမခံချက်ဖြစ်တယ်"** လို့လည်း ဆိုခဲ့ပါတယ်။ မဟာယဉ်ကျေးမှုတော်လှန်ရေး ၁၀ နှစ်တာရဲ့ လေးနက်လှတဲ့ သင်ခန်းစာတွေက တည်ငြိမ်စည်းလုံးညီညွတ်တဲ့ လူမှုရေး၊ နိုင်ငံရေးအခြေအနေ ဆုံးရှုံးတာနဲ့ တစ်ပြိုင်နက် အကျိုးဆက်ကတော့ ဒီမိုကရေစီအကောင်အထည်မဖော်နိုင်သလိုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမရနိုင်ဘဲ နိုင်ငံတော်မှာ ဝရုန်းသုန်းကားဖြစ်ပြီး လူထုရဲ့စိတ်ဓာတ်လည်း ဖရိုဖရဲအခြေအနေ ဖြစ်ပေါ်တတ်တယ်ဆိုတာကိုလည်း တရုတ်ကွန်မြူနစ်ပါတီနဲ့ တရုတ်ပြည်သူတွေကို သိမြင်နားလည်ထားစေခဲ့ပါတယ်။

တည်ငြိမ်ရေးမှာ ဘက်နှစ်ဖက်ပါဝင်

ဒီသင်ခန်းစာတွေအရပဲ တိန့်ရှောင်ဖိန်က "တရုတ်ပြည်ရဲ့ အမြင့်မားဆုံး အကျိုးစီးပွားကတော့ တည်ငြိမ်ရေးပါပဲ"လို့ အလေးအနက်ညွှန်ပြခဲ့ခြင်းဖြစ်ပါတယ်။ တိန့်ရှောင်ဖိန်ဟာ တည်ငြိမ်ရေးမှာ ဘက်နှစ်ဖက်ပါဝင်တယ်လို့လည်း ရှုမြင်ခဲ့ပါတယ်။ တစ်ခုက နိုင်ငံရေးအခြေအနေ တည်ငြိမ်ရေးဖြစ်ပြီး အခြားတစ်ခုက ပေါ်လစီတည်ငြိမ်ရေးဖြစ်တယ်လို့ဆိုပါတယ်။

၁၉၈၇ ခုနှစ် ဇွန်လ ၂၉ ရက်နေ့မှာ အမေရိကန်သမ္မတဟောင်း ဂျင်မီကာတာနဲ့ တွေ့ဆုံစဉ်မှာလည်း တိန့်ရှောင်ဖိန်က **"ဒီနေ့ ဒီအပိုင်းက လူတွေက လမ်းပေါ်တက်လိုက်၊ နောက်တစ်နေ့ ဟိုအပိုင်းက လူတွေက လမ်းပေါ်ထွက်လိုက်၊ တရုတ်နိုင်ငံမှာ လူသန်းပေါင်း ၁၀၀၀ ရှိတယ်။ တစ်နှစ်မှာ ရက်ပေါင်း ခုဖ်၅ ရက်ရှိနေတာ နေ့တိုင်းပြဿနာရှိနေမယ်ဆိုရင် နေထိုင်မှုဘဝတွေကို ကျော်ဖြတ်နိုင်ပါ့မလား။ ဘယ့်နှယ်လုပ် ကိုယ်အားဉာဏ်အားထုတ် တည်ဆောက်ရေးတွေ လုပ်နိုင်ပါ့မလဲ။ ဒါကြောင့် ခင်ဗျားတို့ ရှုထောင့်ကနေ တရုတ်နိုင်ငံ ပြဿနာတွေကို ကြည့်လို့ မဖြစ်နိုင်ဘူး။ တရုတ်နိုင်ငံရဲ့ အဓိကရည်မှန်းချက်က ဖွံ့ဖြိုးတိုးတက်ရေး၊ ခေတ်နောက်ကျမှုက ရုန်းထွက်ရေး၊ နိုင်ငံတော်ရဲ့ အင်အားတိုးတက်လာစေရေးဖြစ်တယ်။ ပြည်သူလူထုနေထိုင်စားသောက်မှုဘဝ ပြည့်စုံကုံလုံလာစေရေးဖြစ်တယ်။ ဒီလိုကိစ္စတွေကို ဆောင်ရွက်နိုင်ဖို့ဆိုရင် တည်ငြိမ်တဲ့ နိုင်ငံရေးဝန်းကျင်ရှိရမယ်။ တည်ငြိမ်တဲ့ နိုင်ငံရေးဝန်းကျင်မရှိရင် ဘာကိစ္စမှ လုပ်လို့မရနိုင်ဘူး"လို့ ထောက်ပြခဲ့ပါတယ်။

အလားတူ ၁၉၈၉ ခုနှစ် အောက်တိုဘာလမှာ အမေရိကန်သမ္မတဟောင်း နစ်ဆင်နဲ့ တွေ့ဆုံရာမှာလည်း တိန့်ရှောင်ဖိန်က **"တည်ငြိမ်စည်းလုံးညီညွတ်တဲ့ နိုင်ငံရေးပတ်ဝန်းကျင်မရှိရင် တည်ငြိမ်တဲ့ လူမှုရေးအခြေအနေလည်း ရှိမှာမဟုတ်ဘူး။ ဘာမှလည်း လုပ်လို့ဖြစ်လာမှာ မဟုတ်ဘူး။ တည်ငြိမ်ရေးက အရာရာကို လွှမ်းမိုးထားတယ်"** လို့ ထပ်မံပြောကြားခဲ့ပါတယ်။

တည်ငြိမ်တဲ့ နိုင်ငံရေး ပတ်ဝန်းကျင်နဲ့ လူမှုအဖွဲ့အစည်း စည်းကမ်းဟာ အလွန်တရာအရေးကြီး

ထို့အတူ ၁၉၉၈ ခုနှစ်မှာ တရုတ်ကွန်မြူနစ်ပါတီက တံခါးဖွင့်ပြုပြင်ပြောင်းလဲရေး စတင်ခဲ့တဲ့ (၁၁)ကြိမ်မြောက် ဗဟိုကော်မတီတတိယစုံညီအစည်းအဝေး နှစ်(၂၀)မြောက် အထိမ်းအမှတ်အစည်းအဝေးမှာထိုစဉ်က ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူး သမ္မတကျန်ဇီမင်းက **"ပြုပြင်ပြောင်းလဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တည်ငြိမ်ရေးတို့ရဲ့ ဆက်စပ်မှုကို တစ်လျှောက်လုံးမှန်မှန်ကန်ကန် ဆုပ်ကိုင်သွားရမယ်။ ဖွံ့ဖြိုးတိုးတက်ရေးဟာ ခိုင်မာတဲ့တရားဖြစ်တယ်။ တရုတ်နိုင်ငံရဲ့ ပြဿနာအားလုံး ပြေလည်ရေးကွင်းဆက်ဟာ မိမိရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအပေါ် မှီခိုနေတယ်။ ပြုပြင်ပြောင်းလဲရေးဟာ ဖွံ့ဖြိုးတိုးတက်ရေးရဲ့ တွန်းအား၊ တည်ငြိမ်ရေးဟာ ပြုပြင်ပြောင်းလဲရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးရဲ့ အခြေခံကျတဲ့ ရှေးဦးလိုအပ်ချက်ဖြစ်တယ်။ တည်ငြိမ်မှုမရှိရင် ဘာပြဿနာမှ ဆောင်ရွက်လို့ မဖြစ်နိုင်ဘူး။ ကျွန်တော်တို့ပါတီဟာ အခွင့်အလမ်းကို မိမိရရဆုပ်ကိုင်၊ ပြုပြင်ပြောင်းလဲရေးကို နက်ရှိုင်းစေပြီး တံခါးဖွင့်ရေးကို တိုးချဲ့၊ ဖွံ့ဖြိုးတိုးတက်ရေးကို တွန်းတင်၊ တည်ငြိမ်ရေးကိုထိန်းသိမ်းတဲ့ အခြေခံလမ်းညွှန်ဟာ လုံးဝမှန်ကန်တယ်လို့ လက်တွေ့က သက်သေပြလိုက်တယ်"**လို့ ညွှန်ပြပြောဆိုခဲ့ပါတယ်။

အလားတူ ကျန်ဇီမင်းက **"ပြုပြင်ပြောင်းလဲမှု၊ ဖြစ်ပေါ်တိုးတက်မှုတွေကို တည်ငြိမ်မှုနဲ့အတူ မှန်ကန်စွာကိုင်တွယ်ပြီး တည်ငြိမ်တဲ့ နိုင်ငံရေး ပတ်ဝန်းကျင်နဲ့ လူမှုအဖွဲ့အစည်း စည်းကမ်းကို ထိန်းသိမ်းတာဟာ အလွန်တရာအရေးကြီးတဲ့ အဓိပ္ပာယ်ရှိတယ်။ တည်ငြိမ်မှုမရှိရင် ဘာကိစ္စမှ လုပ်လို့ အောင်မြင်မှာမဟုတ်ဘူး"** လို့ ညွှန်ပြခဲ့ပါတယ်။

စာမျက်နှာ ၇ သို့ ⭘

"တစ်နှစ်မှာ ရက်ပေါင်း ခုဖ်၅ ရက်ရှိနေတာ နေ့တိုင်းပြဿနာရှိနေမယ်ဆိုရင် နေထိုင်မှုဘဝတွေကို ကျော်ဖြတ်နိုင်ပါ့မလား။ ဘယ့်နှယ်လုပ် ကိုယ်အားဉာဏ်အားထုတ် တည်ဆောက်ရေးတွေ လုပ်နိုင်ပါ့မလဲ။ ဒါကြောင့် ခင်ဗျားတို့ ရှုထောင့်ကနေ တရုတ်နိုင်ငံ ပြဿနာတွေကို ကြည့်လို့မဖြစ်နိုင်ဘူး။ တရုတ်နိုင်ငံရဲ့ အဓိကရည်မှန်းချက်က ဖွံ့ဖြိုးတိုးတက်ရေး၊ ခေတ်နောက်ကျမှုက ရုန်းထွက်ရေး၊ နိုင်ငံတော်ရဲ့ အင်အားတိုးတက်လာစေရေးဖြစ်တယ်။ ပြည်သူလူထု နေထိုင်စားသောက်မှုဘဝ ပြည့်စုံကုံလုံလာစေရေးဖြစ်တယ်။ ဒီလိုကိစ္စတွေကို ဆောင်ရွက်နိုင်ဖို့ဆိုရင် တည်ငြိမ်တဲ့ နိုင်ငံရေးဝန်းကျင်ရှိရမယ်။ တည်ငြိမ်တဲ့ နိုင်ငံရေးဝန်းကျင်မရှိရင် ဘာကိစ္စမှ လုပ်လို့မရနိုင်ဘူး"လို့ ထောက်ပြခဲ့

မောင်ကမ္ဘာ

ပညာရေးဘွဲ့ စာပေးစာယူသင်တန်း ဒုတိယနှစ် သင်တန်းသားများ ကြိုဆိုပွဲကျင်းပ

ပုသိမ် အောက်တိုဘာ ၂၉

ဧရာဝတီ တိုင်းဒေသကြီး မြောင်းမြပညာရေးဒီဂရီကောလိပ်မြရတုခန်းမ၌ ပညာရေးဘွဲ့ (B.Ed) စာပေးစာယူသင်တန်း (၄/၂၀၂၃) ဒုတိယနှစ် သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



သီဆိုဖွင့်လှစ်


ဦးစွာ အခမ်းအနားကို သင်တန်းသား သင်တန်းသူများက “ပွင့်ဖူးဝေဆာကျောင်းတော်သာ” တေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းသို့ တက်ရောက်လာကြသည့် ဆရာဆရာမများအနေဖြင့် သင်တန်းများ ပြီးဆုံးပါက ပညာရေးဘွဲ့ (B.Ed)ရရှိပြီး ပညာရေးဝန်ကြီးဌာန၏ ပေးအပ်သောတာဝန်များကို ဆက်လက်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ သင်တန်းသား ဆရာ ဆရာမများသည် ပညာရေးလမ်းခရီးအား တစိုက်မတ်မတ် လျှောက်လှမ်းနေကြသူများ ဖြစ်သကဲ့သို့ မိမိတို့၏ တပည့်များအား ဗဟုသုတနှင့် ပြည့်စုံသော လူငယ်လူရွယ်များ ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးနေကြသူများ လည်းဖြစ်ကြောင်း၊ တက္ကသိုလ်ဝင် စာမေးပွဲ အောင်ချက်မြင့်မားရေး၊ ကျောင်းနေအရွယ်ကလေးအားလုံး ရာနှုန်းပြည့် ကျောင်းတက်ရောက်စေရေးနှင့် အတန်းစဉ်ကူးပြောင်းမှုများ မကျန်ရှိစေရေးအတွက် ခရိုင်၊ မြို့နယ်ပညာရေးမှူးများဖြင့် လစဉ် ဆွေးနွေးမှုများကိုလည်း ပြုလုပ်လျက်ရှိကြောင်း၊ တက္ကသိုလ်ဝင် စာမေးပွဲ အောင်ချက်မြင့်မားရေး အတွက် ဆရာ ဆရာမများက တာဝန်ရှိသူများနှင့်အတူ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများအတွက် ထောက်ပံ့ငွေပေးအပ်ရာ မြောင်းမြ ပညာရေးဒီဂရီကောလိပ်မှ ဌာနကြီးမှူး (သင်တန်းရေးရာ)က လက်ခံရယူခဲ့သည်။ မြောင်းမြ ပညာရေးဒီဂရီကောလိပ်၌ ဖွင့်လှစ်လျက်ရှိသည့် ပညာရေးဘွဲ့ (B.Ed) စာပေးစာယူ (၄/၂၀၂၃) ဒုတိယနှစ် သင်တန်းတွင် သင်တန်းသား ၄၇ ဦး၊ သင်တန်းသူ ၃၇၈ ဦး စုစုပေါင်း ၄၂၅ ဦး တက်ရောက်လျက်ရှိသည်။

ထောက်ပံ့ငွေများပေးအပ်

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း (လပွတ္တာ)သို့ သွားရောက်၍ အဆင့်မြင့် အိမ်တွင်းမှုစက်ချုပ် သင်တန်း အမှတ်စဉ်(၉)သင်တန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး သင်တန်းအတွက် ထောက်ပံ့ငွေများပေးအပ်ရာ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း(လပွတ္တာ)မှ တာဝန်ခံကျောင်းအုပ်က လက်ခံရယူခဲ့သည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ခင်းကျင်းပြသထားသည့် သင်ထောက်ကူ ပစ္စည်းများကို လိုက်လံကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**





✪ စာမျက်နှာ ၆ မှ

လက်ရှိကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး သမ္မတ ရှီကျင့်ဖျင်က လည်း “တည်ငြိမ်မှုဟာ ပြုပြင်ပြောင်းလဲရေးနဲ့ တံခါးဖွင့်ဝါဒကျင့်သုံးရေးအတွက် မရှိမဖြစ် ရှိနေရမယ့် လိုအပ်ချက်တစ်ခုဖြစ်တယ်။ ပြုပြင်ပြောင်းလဲမှု၊ ဖွံ့ဖြိုးတိုးတက်မှုနဲ့ တည်ငြိမ်မှုတို့ဟာ တစ်ပြေးညီ ယှဉ်တွဲပြီး ရှေ့ဆက်တိုးတက်လာတာသေချာအောင် လုပ်ကိုင်ကြရမယ်။ လူမှုရေးတည်ငြိမ်မှုဟာ ကျွန်တော်တို့ရဲ့ ပြုပြင်ပြောင်းလဲမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်နိုင်ဖို့အခြေအနေကို ဆောင်ကြဉ်းပေးတယ်။ တစ်ဖက်မှာလည်း ဒီလုပ်ငန်းတွေက လူမှုရေးတည်ငြိမ်မှုအတွက် ခိုင်ခံ့တဲ့ အခြေခံအုတ်မြစ်တစ်ခု ဖြစ်ပေါ်လာအောင် ဖော်ဆောင်ပေးတယ်။ ကျွန်တော်တို့အနေနဲ့ ပြုပြင်ပြောင်းလဲမှုရဲ့အရှိန်အဟုန် ဖွံ့ဖြိုးတိုးတက်မှုရဲ့ လျင်မြန်မှုနဲ့ သာမန်ပြည်သူလူထုရဲ့ စွမ်းဆောင်ရည်တွေကို ရေရှည်ထိန်းသိမ်းပြီး ပြောင်းလဲနိုင်ရေးအပေါ်မှာ လေးလေးနက်နက် စဉ်းစားဆောင်ရွက်ကြရမှာ ဖြစ်တယ်။ ဒါ့အပြင် ပြည်သူလူထုရဲ့ ချမ်းသာသုခပိုမိုပြည့်စုံတိုးတက်ရေးဟာ ပြုပြင်ပြောင်းလဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တည်ငြိမ်ရေးတို့ ညီညီမျှမျှ ဖော်ဆောင်ရေးမှာ အရေးကြီးတဲ့ ကွင်းဆက်တစ်ခု အဖြစ်မှတ်ယူကြရမှာဖြစ်တယ်”လို့ တရုတ် ကွန်မြူနစ်ပါတီ (၁၈)ကြိမ်မြောက် ဗဟိုကော်မတီ နိုင်ငံရေးဗျူရို ဒုတိယမြောက်အုပ်စုလေ့လာရေး အစီအစဉ်မှာ ပြောကြားခဲ့ပါတယ်။

ဒါဆိုရင် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ကိုယ်တိုင်ကိုယ်ကျ သွားရောက်လေ့လာခဲ့ဖူးတဲ့ အတွေ့အကြုံတွေအရသော်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံး လူမှုကွန်ရက်စာမျက်နှာထက်က ၇၅ နှစ်အတွင်း တရုတ်နိုင်ငံရဲ့ ကြီးမားတဲ့ ပြောင်းလဲမှုပြယုဂ် မှတ်တမ်းမှတ်ပုံတွေအရသော်လည်းကောင်း ယနေ့ခေတ်သစ်တရုတ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေဟာ တရုတ်နိုင်ငံခေါင်းဆောင် အစဉ်အဆက် လက်ကိုင်ပြုကိုင်စွဲထားခဲ့တဲ့ ပြုပြင်ပြောင်းလဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တည်ငြိမ်ရေး ဆက်စပ်မှုကွင်းဆက်သဘောတရားရဲ့ အကျိုးရလဒ်တွေလို့ပဲ ဆိုရမှာဖြစ်ပါတယ်။

တစ်ဆက်တည်းမှာပဲ အိမ်နီးချင်းဖွံ့ဖြိုးဆဲ မြန်မာနိုင်ငံအနေနဲ့လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတို့ရဲ့ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးကို ဖော်ဆောင်တဲ့အခါမှာ တည်ငြိမ်တဲ့ နိုင်ငံရေးပတ်ဝန်းကျင်၊ တည်ငြိမ်တဲ့ လူမှုရေးပတ်ဝန်းကျင် အပါအဝင် ဘက်စုံတည်ငြိမ်မှုရရှိစေရေးဟာ ဘယ်ခေတ်မဆို အဓိကသော့ချက်တစ်ခုဖြစ်တယ်လို့ သတိချပ်ဆင်ခြင်နှလုံးသွင်းနိုင်ဖို့ ဆက်စပ်တင်ပြလိုက်ရပါတယ်။ ။

ကိုးကား -

- **ရှီကျင့်ဖျင်၏ တရုတ်နိုင်ငံရေးရာ စီမံခန့်ခွဲမှု။**
- **ရဲဘော်မိုးဦး၏ တရုတ်ပြည်ကွန်မြူနစ်ပါတီ ဘာကြောင့်စွမ်းဆောင်နိုင်ခဲ့တာလဲ (သမိုင်းကို ခြေရာခံ ကောက်ကြည့်ခြင်း)**

ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများကို ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်နိုင်ခဲ့သည့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ ပထမဆုရရှိသူများ၏ ယှဉ်ပြိုင်ခဲ့မှုမှတ်တမ်း



ဒိုးပတ်အတီးပြိုင်ပွဲ ဝါသနာရှင်ပထမတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် မွန်ပြည်နယ်မှ ပြည့်ဖြိုးမော်(ခ) မော်ကြီးနှင့်အဖွဲ့ တီးခတ်ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။



မဟာဂီတအဆိုပြိုင်ပွဲ အခြေခံပညာအဆင့်(အမျိုးသား အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ မောင်ကောင်းပြည့်ဟိန်း “ပန်းတသင်းသင်း” (ပတ်ပျိုး)သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။



ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး)၌ ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ မမိုးပြည့်ပြည့်ကျော် “ယောကျ်ားဆုပန်” သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။



စောင်းအတီးပြိုင်ပွဲ အခြေခံပညာအဆင့်(အမျိုးသမီး အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ မခင်ကြာဖြူဟန် “သီလာမြေယံ”(ကြိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲ အခြေခံပညာအဆင့်(အမျိုးသား အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မောင်ပြည့်ဖြိုးအောင် “သန္ဓိဋ္ဌစ” သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။



ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)၌ ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်မြင့်မြတ်သူ “ဝေဖယန္တာ” (ယိုးဒယား) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



စန္ဒရားအတီးပြိုင်ပွဲ အခြေခံပညာအဆင့်(အမျိုးသမီး အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မခင်လင်းလွဲသူ “အောင်မင်္ဂလာ” (ယိုးဒယား) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



စန္ဒရားအတီးပြိုင်ပွဲ အခြေခံပညာအဆင့်(အမျိုးသား အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပူးတွဲပထမဆုရရှိသည့် ကရင်ပြည်နယ်မှ မောင်ထက်ဦးခန့်“မြိုင်ယံရွှေလျှံ”(ပတ်ပျိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲ ဝါသနာရှင်ပထမတန်းအဆင့်(အမျိုးသမီး)၌ ပထမဆုရရှိသည့်ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ဇာဇာလင်းထွေး(ခ)ပေါက်ကျော်မ “ရွှေညီလာ” (လေးထွေသံကတ်) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



အကပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်စောစည်သူကျော် ကပြယှဉ်ပြိုင်ဟန်။



မဟာဂီတအဆိုပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသမီး အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မသော်တာရတီတိုး “မြိုင်ဟေမာ” (ယိုးဒယား)သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။



ဆိုင်းအဖွဲ့လိုက်အတီးပြိုင်ပွဲ အခြေခံပညာအဆင့်(အမျိုးသမီး အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ရှမ်းပြည်နယ်မှ မဓိမိုမင်းဦး(ခ)ဖြူလုံးနှင့်အဖွဲ့က ဤသို့ မြိုင်မြိုင်ဆိုင်ဆိုင်တီးခတ်ယှဉ်ပြိုင်ခဲ့ကြသည်။



ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲအခြေခံပညာအဆင့် (အမျိုးသမီး အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မမိုးမြင့်စံ “ချစ်စရာ ရွှေတမာ” သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။

နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ စာဖတ်ရှုနိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၉

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် စာဖတ်ရှုနိန်မြှင့်တင်ရေးပွဲတော်ကို ယနေ့ နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ် အမှတ်(၁၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများ၊ ရပ်မိ ရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စာပေပညာရှင်များနှင့် အကဲဖြတ်ဒိုင်များ၊ အလှူရှင်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စာဖတ်ရှုနိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးကို နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး အဆိုပါကျောင်းရှိ ဥတ္တရအလင်းတန်းကျောင်းစာကြည့်တိုက်၌ ကျောင်းသား ကျောင်းသူများ စာပေလေ့လာဖတ်ရှုနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဖျော်ဖြေတင်ဆက်ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုငွေများ ချီးမြှင့်ပြီး အလှူရှင်များနှင့်



စာရေးဆရာမ သက်သက်နွယ်(ရန်ကုန်တက္ကသိုလ်) တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ ဥတ္တရသီရိမြို့နယ်အတွင်းရှိ စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။

အခမ်းအနားအပြီးတွင် စာအုပ်စာစောင်များ၊ ဓာတ်ပုံမှတ်တမ်းများ၊ စာအုပ်အရောင်းဆိုင်များ၊ ကျောင်းသား ကျောင်းသူများ၏ စာပေဆွေးနွေးပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုနှင့် ကျောင်းသား ကျောင်းသူများ၏ ကာယစွမ်းရည်၊ ဉာဏစွမ်းရည်ပြိုင်ပွဲများ ပျော်ရွှင်စွာ ယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြကာ ကျောင်းသား ကျောင်း သူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော် ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက နေပြည်တော် ဇေယျာသီရိမြို့နယ် အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) ၌ ဇီဝိတဒါန စုပေါင်းသွေးလှူဒါန်းမှုကို သွားရောက်ကြည့်ရှုအားပေးပြီး အာဟာရဖြည့်စွက်စာများနှင့် အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)အတွက် အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဥတ္တရသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရွှေနှံ့သာ၌ စဉ်ဆက်ပညာရေးလုပ်ငန်းစဉ်ဖြစ်သည့် စာသင်ဝိုင်းကို သွားရောက်ကြည့်ရှုပြီး စာသင်ဝိုင်း၌ စာတတ်မြောက်ရေး သင်ကြား၊ သင်ယူလျက်ရှိသည့် စေတနာရှင် လုပ်အားပေးနည်းပြ၊ ကြီးကြပ်များနှင့် စာသင်သားများကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားကာ စာသင်ဝိုင်းများအတွက် စာရေးကိရိယာများ၊ အာဟာရဖြည့်အစားအစာများ၊ ထောက်ပံ့ငွေများနှင့် အဆိုပါကျောင်းရှိ ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိန်မြှင့်တင်ရေးပွဲတော် တက်ရောက်

ထားဝယ် အောက်တိုဘာ ၂၉

တနင်္သာရီတိုင်း ဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ထားဝယ်မြို့ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက လူငယ် စာပေဆွေးနွေးပေးသော ကျောင်းသား ကျောင်းသူ လေးဦးနှင့် ဦးဆောင် ဆွေးနွေးပေးသော ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာအောင်တို့အား ဂုဏ်ပြုလက်ဆောင်ချီးမြှင့်ပြီး စကားရည်လုပြိုင်ပွဲတွင် အနိုင်ရအဖွဲ့များအား ဆုချီးမြှင့်



ကာ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေးက ကျပန်းစကားပြော အထက်တန်းအဆင့်တွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးမင်းမင်းလတ်၊ သယံဇာတရေးရာဝန်ကြီး ဦးခင်မောင်မြင့်၊ လူမှုရေးရာဝန်ကြီး ဦးသက်နိုင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်လှိုင်နှင့် တိုင်းရင်သားရေးရာ ဝန်ကြီး ဦးစောမာတင်လူသာတို့က စာစီစာကုံး၊ ကျပန်းစကားပြော၊ ကဗျာရွတ်ဆိုနှင့် ပုံပြောပြိုင်ပွဲတို့တွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီး ဥပဒေချုပ် ဦးအုန်းသန်း၊ တိုင်းဒေသကြီးအတွင်းရေးမှူး ဦးခင်မောင်ချိုနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီး ကျောင်းအကျိုးတော်ဆောင်က လှူဒါန်းငွေကျပ်သုံးသိန်း၊ စာကြည့်တိုက်များဖောင်ဒေးရှင်းက လှူဒါန်းငွေကျပ်ငါးသောင်း၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့က ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

အင်းစိန်မြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်တိုက်ဖျက်ရေး ဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၉

နိုင်ငံတွင် ဖြစ်ပေါ်နေသော မူးယစ်ဆေးဝါး မှုခင်းများနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်တိုက်ဖျက်ရေး ဆွေးနွေးပွဲကို အောက်တိုဘာ ၂၆ ရက် မွန်းလွဲ ၃ နာရီတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်)ရှိ လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်က မေးမြန်းသူအဖြစ် ဆောင်ရွက်၍ ဖြေကြားဆွေးနွေးသူအဖြစ် မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် သတင်းစာဆရာအသင်းဥက္ကဋ္ဌ စာရေးဆရာ သတင်းစာဆရာဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး)က နိုင်ငံတော်အစိုးရက ထုတ်ဝေသော သတင်းစာများတွင်ပါရှိသည့် မူးယစ်ဆေးဝါး မှုခင်းသတင်းများအကြောင်း၊ မူးယစ်ဆေးဝါး အန္တရာယ်များနှင့် ဆိုးကျိုးများအကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်တားဆီးကာကွယ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် နိုင်ငံတော်အစိုးရ၏ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်တိုက်ဖျက်ရေး၊ အမျိုးသားရေးတာဝန်အဖြစ် ဆောင်ရွက်ချက်များ စသည့်သိကောင်းစရာများကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဆွေးနွေးမှုများကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်)က အွန်လိုင်းမှတစ်ဆင့် ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

မြင့်ဦး

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

ကျုံပျော်မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

ကျုံပျော် အောက်တိုဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် မီးသတ်ဦးစီးဌာနက ဦးဆောင်ကာ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး လုပ်ငန်းများကို ပူးပေါင်းအဖွဲ့များဖြင့် ယနေ့နံနက်ပိုင်းက လိုက်လံဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့မဈေးအတွင်း မီးဘေးလုံခြုံမှုရှိစေရေးအတွက် မီးသတ်ဆေးဘူးထားရှိမှု၊ ရေသိုလှောင်ထားမှုနှင့် လျှပ်စစ်မီးသွယ်တန်းမှု အခြေအနေများကို လိုက်လံစစ်ဆေး၍ ပြည်သူများထံသို့ မီးဘေးကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေကာ ရပ်ကွက်များ၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး ပိုစတာများ စိုက်ထူကြသည်။

အဆိုပါ လုပ်ငန်းများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ ရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်လျှပ်စစ်ဝန်ထမ်းများ၊ မြို့မဈေး မီးဘေးလုံခြုံရေးအဖွဲ့များ ပူးပေါင်း၍ လိုက်လံဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**



ကမ္ဘာ့မီဒီယာဇာတ်ခုံပေါ်မှာ ဆွေးနွေးခဲ့ကြသည့် AI ခေတ် သတင်းမီဒီယာများနှင့် အနာဂတ်စိန်ခေါ်မှုများ

ထွန်းကျော်

(၆) ကြိမ်မြောက် ကမ္ဘာ့မီဒီယာထိပ်သီးညီလာခံ (The 6th World Media Summit – WMS) ကို ပြီးခဲ့တဲ့ အောက်တိုဘာ ၁၄ ရက်က တရုတ်နိုင်ငံ ရှင်းကျန်းဝေဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုရူမုချီမြို့ Xinjiang International Convention & Exhibition Center ၌ကျင်းပခဲ့ရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ရပါတယ်။



ယခုနှစ် ညီလာခံဆောင်ပုဒ်ကို AI နည်းပညာနဲ့ ပြောင်းလဲလာတဲ့ မီဒီယာဖွံ့ဖြိုးတိုးတက်မှု (Artificial Intelligence and Media Transformation) လို့ အမည်ပေးထားပြီး AI နည်းပညာနဲ့ ပတ်သက်လို့ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြပါတယ်။

ကမ္ဘာတစ်လွှား နည်းပညာအသစ်တွေ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမှုနဲ့အတူ မျိုးဆက်သစ် AI နည်းပညာကို ကျယ်ပြန့်စွာအသုံးချမှုကြောင့် AI နည်းပညာဟာ အခုအခါမှာတော့ လူသားတွေအပေါ် လျင်မြန်စွာ လွှမ်းမိုးလို့လာနေပြီဖြစ်ပါတယ်။ ကျွဲကူးရေပါဆိုသလို ဖွံ့ဖြိုးတိုးတက်လာတဲ့ AI နည်းပညာနဲ့အတူ သတင်းမီဒီယာဟာလည်း အသွင်ကူးပြောင်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ထပ်မံဆန်းသစ်လို့ လာခဲ့ပြီဖြစ်ပါတယ်။ ရှုပ်ထွေးနက်နဲလှတဲ့ နည်းပညာစိတ်ကူးယဉ်အိပ်မက်ကနေ လက်တွေ့နယ်ပယ်ထဲထိ ထိုးဖောက်ဝင်ရောက်လာခဲ့ပြီဖြစ်ပါတယ်။ လူသားမျိုးနွယ်ထုကြီးတစ်ရပ်လုံးကို စိတ်ကူးကြံစည်မှုတွေနဲ့ ပြည့်နေတဲ့ ကမ္ဘာသစ်တစ်ခုဆီသို့ ပို့ဆောင်ပေးနေပြီဖြစ်တဲ့ လိုမျိုး အခုချိန်အထိ မသေချာမှုတွေနဲ့ ပြည့်နှက်နေပါတယ်။ နည်းပညာသစ်တစ်ခုရဲ့ ကောင်းကျိုးနဲ့ ဆိုးပြစ်ဟာ သူ့ကို လက်တွေ့စမ်းသပ်အသုံးမချခင် အချိန်အထိ “blackbox” ထဲမှာပဲ ရှိနေဦးမှာပါ။

AI ခေတ်မှာ သတင်းမီဒီယာတွေဟာ ဘယ်လို အခွင့်အလမ်းတွေ၊ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရလဲ၊ သူတို့ရဲ့တာဝန်တွေနဲ့ ရည်မှန်းချက်တွေကို ဘယ်လို ဖြည့်ဆည်းဆောင်ရွက်သွားမလဲဆိုတာ စိတ်ဝင်စားစရာကောင်းပါတယ်။ New China Research နဲ့ ဆင်ဟွာသတင်းအေဂျင်စီ ဥက္ကဋ္ဌကြီးရှင်အဖွဲ့ရဲ့ သုတေသနစစ်တမ်းတွေအရ ၆၆ ရာခိုင်နှုန်းလောက်သော ကမ္ဘာ့သတင်းမီဒီယာအများစုက သတင်းမီဒီယာကဏ္ဍအပေါ် မျိုးဆက်သစ် AI နည်းပညာရဲ့ သက်ရောက်မှုကို အပြုသဘောနဲ့ ကြိုဆိုကြပါတယ်။ ၆၇ ဒသမ ၆ ရာခိုင်နှုန်းကတော့ AI ကယူဆောင်လာတဲ့ အပြောင်းအလဲတွေ၊ အတွေ့အကြုံသစ်တွေကို အသုံးပြုနေကြပြီဖြစ်ပါတယ်။ ၅၁ ဒသမ ၂ ရာခိုင်နှုန်းရဲ့ ထက်ဝက်ကတော့ AI နည်းပညာကို စတင်အကောင်အထည်ဖော်နေကြပြီဖြစ်ပါတယ်။ မီဒီယာအဖွဲ့အစည်းတွေအနေနဲ့ အန္တရာယ်မျိုးစုံနဲ့ မမြင်နိုင်တဲ့ စိန်ခေါ်မှုတွေလည်း ရှိနေနိုင်ပါသေးတယ်။ ဥပမာ AI ကြောင့် ဖြစ်ပေါ်လာတဲ့ မှားယွင်းတဲ့ အချက်အလက်တွေဟာ ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ကြီးမားကျယ်ပြန့်လာပြီး ကမ္ဘာနဲ့ချီတဲ့ စစ်မှန်မှု အကျပ်အတည်းကို ဖြစ်ပေါ်စေနိုင်ပါတယ်။ ဒါ့အပြင် နည်းပညာကန့်သတ်ချက်တွေနဲ့ သုံးစွဲသူတွေရဲ့ ပုဂ္ဂလိကအကျိုးစီးပွားတွေဟာ ပူးပေါင်းလိမ်လည်မှုတွေကို ဖန်တီးဖြစ်ပေါ်စေသလို အများသူငါအမြင်ကို ညစ်ညမ်းစေပြီး တစ်ဦးချင်း ခံယူချက်နဲ့ လူမှုအဖွဲ့အစည်းဆိုင်ရာ ရေးသားဟောပြောချက်တွေအပေါ်လည်း မကောင်းတဲ့ သက်ရောက်မှုတွေဖြစ်စေပါတယ်။ ဒီအခြေအနေဟာ နိုင်ငံတကာ သတင်းအချက်အလက်ဆိုင်ရာ ထိပ်တိုက်ရင်ဆိုင်မှုတွေကို ပိုမိုပြင်းထန်လာစေမှာဖြစ်ပါတယ်။ များပြားလှတဲ့ တန်ဖိုးထားမှုဆိုင်ရာ စံနှုန်းအငြင်းပွားမှုတွေနဲ့ ကျင့်ဝတ်ဆိုင်ရာ ကျပ်တည်းမှုတွေဟာ AI ကို ဖွံ့ဖြိုးတိုးတက်မှုနဲ့ အုပ်ချုပ်မှုကြား အကျပ်ရိုက်စေမှာဖြစ်ပါတယ်။ AI ရဲ့ ပိုင်းခြားမှုကြောင့် လူအချင်းချင်းကြား၊ မြို့ပြနဲ့ ကျေးလက်ကြား၊ တောင်နဲ့မြောက်ကြား ကွာဟမှုကို ပိုမိုဖြစ်ပေါ်စေပြီး AI ဟာ နည်းပညာလွှမ်းမိုးကြီးစိုးခြင်းကို အားပေးအားမြှောက်ပြုကာ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု မညီမျှခြင်းကို ပိုဆိုးလာစေမှာဖြစ်ပါတယ်။

လူမှုတာဝန်တွေကို ပခုံးထမ်းထားပြီး ပြည်သူသာ ပဓာနဆိုတဲ့မူဝါဒကို ဦးထိပ်ပန်ဆင်ထားတဲ့



အဝင် သတင်းမီဒီယာ ဖန်တီးထုတ်လုပ်မှုလှိုင်းအသစ်ကို မောင်းနှင်နေပြီဖြစ်ပါတယ်။ AI နည်းပညာဟာ အချိန်နဲ့ အာကာသကို ကျော်လွန်ပြီး ပုံရိပ်ယောင်နဲ့ လက်တွေ့ကမ္ဘာရဲ့ အပြန်အလှန်ဆက်သွယ်မှုတွေကို ပေါင်းစည်းကာ လူသားနဲ့ စက်ပစ္စည်းတွေရဲ့ ဆက်သွယ်မှုတွေကို လွယ်ကူချောမွေ့စေမှုနဲ့အတူ ပိုမိုကောင်းမွန်တဲ့ အတွေ့အကြုံတွေနဲ့ မီဒီယာအဖွဲ့အစည်းတွေနဲ့ သုံးစွဲသူတွေကို တစ်ခေတ်ဆန်းစေပါတယ်။ ဒါ့အပြင် AI နည်းပညာဟာ အရာအားလုံးအတွက် မီဒီယာဗဟိုပြုချဉ်းကပ်မှု၊ မူဝါဒလမ်းစဉ် ဗဟိုပြုမီဒီယာနဲ့ ဒစ်ဂျစ်တယ်နဲ့ မှတ်ဉာဏ်စွမ်းရည်အသုံးပြု အခြားစက်မှုကဏ္ဍတွေအပါအဝင် စီးပွားရေးပုံစံသစ်အမျိုးမျိုးကိုလည်း ဖန်တီးပေးပါတယ်။

ဒါတွေဟာ AI နည်းပညာနဲ့ပတ်သက်တဲ့ ကောင်းကျိုးတွေဖြစ်သလို မသေချာမှုတွေ ပြည့်နေတဲ့ AI ကို မမှန်မကန်အသုံးပြုခြင်းကြောင့် သတင်းမီဒီယာတွေဟာ AI ကို အကောင်းဘက်မှာ အသုံးချ နိုင်ရေး ကြိုးစားရမှာဖြစ်သလို AI ခေတ်မှာ ၎င်းရဲ့ ပင်မတာဝန်တွေကို မီဒီယာတန်ဖိုးမြှင့်တင်ဖို့အတွက် ဉာဏ်ထိုးထွင်းစွမ်းရည်မြှင့်တင်ရန်၊ ခိုင်မာသော စံချိန်စံနှုန်းတွေချမှတ်ဖို့အတွက် ကျင့်ဝတ်တွေကို ဦးစားပေးအသုံးပြုရန်၊ သိမြင်မှုပတ်ဝန်းကျင်ကို အကောင်းဆုံးဖြစ်စေဖို့အတွက် လူမှုရေးတာဝန်တွေကို ထမ်းဆောင်ရန်နဲ့ ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုပုံစံတိုးတက်စေဖို့အတွက် တွေ့ဆုံဆွေးနွေးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ဖို့ ဆိုတဲ့ ကဏ္ဍလေးရပ်နဲ့အတူ ထမ်းဆောင်သွားရမှာပဲဖြစ်ပါတယ်။ အဲဒီလိုလုပ်ဆောင်သွားမယ်ဆိုရင် စွမ်းအားကြီးမားတဲ့ မီဒီယာအင်အားစုတွေဟာ မျှဝေထားတဲ့ အနာဂတ်နဲ့အတူ အသိုက်အဝန်းတစ်ခုကို ပေါင်းစည်းတည်ဆောက်ပြီး ပိုမိုကောင်းမွန်တဲ့ ကမ္ဘာကြီးဆီသို့ ရှေးရှုဦးတည်သွားနိုင်မှာဖြစ်ပါကြောင်း။ ။

> **“ကမ္ဘာတစ်လွှား နည်းပညာအသစ်တွေ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမှုနဲ့အတူ မျိုးဆက်သစ် AI နည်းပညာကို ကျယ်ပြန့်စွာအသုံးချမှုကြောင့် AI နည်းပညာဟာ အခုအခါမှာတော့ လူသားတွေအပေါ် လျင်မြန်စွာ လွှမ်းမိုးလို့လာနေပြီဖြစ်ပါတယ်။ ကျွဲကူးရေပါဆိုသလို ဖွံ့ဖြိုးတိုးတက်လာတဲ့ AI နည်းပညာနဲ့အတူ သတင်းမီဒီယာဟာလည်း အသွင်ကူးပြောင်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ထပ်မံဆန်းသစ်လို့ လာခဲ့ပြီဖြစ်ပါတယ်။ ရှုပ်ထွေးနက်နဲလှတဲ့ နည်းပညာစိတ်ကူးယဉ်အိပ်မက်ကနေ လက်တွေ့နယ်ပယ်ထဲထိ ထိုးဖောက်ဝင်ရောက်”**

ဒိုက်ဦးမြို့၌ ကျောင်းစာကြည့်တိုက်များဖွဲ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုန်မြှင့်တင်ရေး အခမ်းအနားကျင်းပ

ဒိုက်ဦး အောက်တိုဘာ ၂၉

ဒိုက်ဦးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းစာကြည့်တိုက်များဖွဲ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုန်မြှင့်တင်ရေး အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်သည်။

ဦးစွာ ဒိုက်ဦးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ စာကြည့်တိုက်ဖွဲ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုန်မြှင့်တင်ရေး အခမ်းအနားကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တိုင်းဒေသကြီးဝန်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြ သည်။

ဖတ်ရှုလေ့လာ

ထို့နောက် စာကြည့်တိုက်ဖွဲ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုန်မြှင့်တင်ရေး အခမ်းအနားကို အောင်ရတနာခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက မိမိတို့ ပဲခူးတိုင်းဒေသကြီးအတွင်း စာဖတ်ရှုန်မြှင့်တင်ရေးပွဲတော်များ ကို မြို့နယ် ၁၄ ခုတွင် (၁၄)ကြိမ် ကျင်းပပေးသွားမည်ဖြစ်ပြီး ယနေ့ စာဖတ်ရှုန်မြှင့်တင်ရေးပွဲတော်သည် (၁၀)ကြိမ်မြောက် ကျင်းပပေးခြင်းဖြစ်ကာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံစာကြည့်တိုက်များ ပူးပေါင်းဆောင်ရွက်မှု ကော်မတီတို့ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ စာဖတ်သည့်အလေ့အထကောင်းများ ရရှိစေရန်နှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းစာများကို ကြိုးစားလေ့လာသင်ယူရင်း ဗဟုသုတရရန် စာပေများကို ဖတ်ရှုလေ့လာကြစေလိုကြောင်း ပြောကြားသည်။

မှတ်တမ်းလွှာများပေးအပ်

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒိုက်ဦးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် သုတ/ရသ စာအုပ်စာစောင်များကိုလည်းကောင်း၊ ဒိုက်ဦးမြို့နယ် စာဖတ်ရှုန်မြှင့်တင်ရေး အခမ်းအနား၌ အသိပညာဗဟုသုတများရရှိစေရေး ဟောပြောသည့် စာရေးဆရာကြီးများအား ဂုဏ်ပြုမှတ်တမ်းများကို လည်းကောင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီး အောင်သောင်းထိုက်က စာအုပ်စာပေဝယ်ယူနိုင်ရေး အလှူငွေလှူဒါန်းခဲ့သည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဒိုက်ဦးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပလျက်ရှိသော သုတ/ရသ စာအုပ်အရောင်းဆိုင်များ၊ ဉာဏ်စမ်းပြိုင်ပွဲများ၊ ဘက်စုံအားကစားပြိုင်ပွဲများ၊ ကဗျာရွတ်ပြိုင်ပွဲများ၊ ပုံပြောပြိုင်ပွဲများ၊ စက္ကူခေါက်ပြိုင်ပွဲများ၊ ပန်းချီပြိုင်ပွဲများ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲများ၊ ကျပန်းစကားပြောပြိုင်ပွဲ ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး ပြိုင်ပွဲဝင်များကို ဂုဏ်ပြုဆုနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ညောင်ဦးမြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုန်မြှင့်တင်ရေးပွဲတော် ဖွင့်လှစ်

ညောင်ဦး အောက်တိုဘာ ၂၉

မန္တလေး တိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုန်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၅ ရက် နံနက် ၉ နာရီက ညောင်ဦးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်း ကျောင်း မင်္ဂလာမုခ်ဦးရှေ့၌ ကျင်းပသည်။



ဂုဏ်ပြုဆုများပေးအပ်

ဦးစွာ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးရွှေစင်၊ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးနှင့် တာဝန်ရှိသူများက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုန်မြှင့်တင်ရေးပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဖွင့်ပွဲတွင် ပါဝင်ဖျော်ဖြေသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆု များပေးအပ်သည်။

ယင်းနောက် ညောင်ဦးမြို့ မူလတန်းလွှန်(၄) ကျောင်းသား ကျောင်းသူများက ပုဂံအကဖြင့် ကပြဖျော်ဖြေကာ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒေါ်ဝေဝေဖြိုးက ဂုံနိအိတ်စွပ်အပြေးပြိုင်ပွဲ၊ ခါးကွင်းလှည့်၊ စက်ဝိုင်းလှည့်ပြိုင်ပွဲများ၊ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် ခရိုင်မီးသတ်ဦးစီးဌာနပြခန်း၊ အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ပန်းတောင်း) ကျောင်းပြခန်း၊ အိမ်တွင်းမှုပြခန်း၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး ကျောင်းနှင့် ဓာတ်ပုံပြခန်း၊ သိပ္ပံပြခန်း၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနပြခန်း၊ MSME ပြခန်းများနှင့် ကျောင်းစာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်ပြီး ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုန်မြှင့်တင်ရေး ပွဲတော်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ညောင်ဦးမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း အားကစားခန်းမ၌ မွန်းလွဲ ၂ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ဒီပါလင်း

ပူတာအိုခရိုင်၌ ကဗျာရွတ်နှင့် ပုံပြောပြိုင်ပွဲကျင်းပ

ပူတာအို အောက်တိုဘာ ၂၉

ကချင်ပြည်နယ် ပူတာအိုခရိုင်၌ ကျောင်းသားလူငယ်များ စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေပြီး စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိလာစေရန် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲကို အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ကဗျာရွတ်ပြိုင်ပွဲတွင် အထက(ပူတာအို)ကျောင်းမှ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၅ ဦးတို့က "လူကလေးနဲ့ခဲတံ"ကဗျာ၊ ပုံပြောပြိုင်ပွဲတွင် အထက(ပူတာအို)ကျောင်းမှ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၅ ဦးတို့က "ဒေါင်းယောင်ဆောင်သောကျီး၊ ယုန်နဲ့လိပ်" တို့ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဖုန်ကန်(ပူတာအို)



မုံရွာမြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

မုံရွာ အောက်တိုဘာ ၂၉

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မုံရွာခရိုင်နှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသားလူငယ်များ စာဖတ်ရှုန်မြှင့်မားရေးနှင့် ဗဟုသုတမြှင့်တင်ပေးရေး ရည်ရွယ်လျက်လူငယ်စကားဝိုင်းကို ယနေ့ နံနက်ပိုင်းက မုံရွာမြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးအောင်လှိုင်ဝင်းက မိတ်ဆက်စကားပြောကြားပြီး မုံရွာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်နိုင်စိုးက လူငယ်စကားဝိုင်းကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အပြန်အလှန်မေးမြန်းဆွေးနွေး

ထို့နောက် လူငယ်စကားဝိုင်းကို ကျင်းပရာ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း ဇကဒသမတန်းမှ မောင်ဒီပါမောင်က လူငယ်နှင့်အားကစား၊ ဒသမတန်းမှ မဖြိုးငယ်ငယ်စိုးက လူငယ်နှင့် မူးယစ်ဆေး၊ ဒသမတန်းမှ မောင်တိုးတက်လင်းက လူငယ်နှင့်စာပေ၊ ဒသမတန်းမှ မခင်ငြိမ်းချမ်းက လူငယ်နှင့်စာရိတ္တ စသည့် ခေါင်းစဉ်အသီးသီးဖြင့် ဦးဆောင်ဆွေးနွေးကြပြီး တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက အပြန်အလှန်မေးမြန်းဆွေးနွေးခဲ့ကြသည်။



ထို့နောက် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းစာကြည့်တိုက်အတွက် မုံရွာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်နိုင်စိုးက စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

အင်ဒိုနီးရှားနိုင်ငံရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ကွက်များ၌ ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်

ကျကာတာ အောက်တိုဘာ ၂၉

အင်ဒိုနီးရှားနိုင်ငံ ဒေသ ၁၄ ခုရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ကွက် ၆၀ တွင် ရင်းနှီးမြှုပ်နှံရန် အင်ဒိုနီးရှားအစိုးရက အောက်တိုဘာ ၂၈ ရက်တွင် စတင်ဖိတ်ခေါ်ခဲ့ကြောင်း ဆင်ဟွာသတင်းအရ သိရသည်။

အဆိုပါ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ကွက်များကို လာမည့်လေးနှစ်အတွက် လုပ်ငန်းလုပ်ကိုင်ရန် အသင့်ပြင်ဆင်ထားကြောင်း စွမ်းအင်နှင့် သတ္တုအရင်းအမြစ်ဆိုင်ရာဝန်ကြီးဌာန ညွှန်ကြားရေးမှူး အရီနာဆိုမန်တိုက ပြောကြားသည်။

ယင်းလုပ်ကွက်များအား စီးပွားဖြစ်လုပ်ငန်းလုပ်ကိုင်ခြင်းဖြင့် အကျိုးအမြတ်ထိုက်ထိုက်တန်တန်ရရှိနိုင်သဖြင့် ရင်းနှီးမြှုပ်နှံသူများအား လုပ်ငန်းဆောင်ရွက်ရန် ဖိတ်ခေါ်ခြင်းဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံသည် လက်ရှိအချိန်တွင် ပြည်တွင်း ရေနံထုတ်လုပ်မှုကို မြှင့်တင်နေပြီး ပြည်ပမှ ရေနံတင်သွင်းမှုကို လျှော့ချရေးဆောင်ရွက်နေသည်။ အင်ဒိုနီးရှားအစိုးရအနေဖြင့် ရင်းနှီးမြှုပ်နှံသူများအား ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာလုပ်ကွက်သစ်များတွင် လုပ်ငန်းတိုက်ရိုက် ဆောင်ရွက်နိုင်သည့် အခွင့်အရေးများပေးအပ်နေကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန် - စိုးသူရ





တရုတ်နိုင်ငံက လွှတ်တင်မည့် ရှန်ကျို့ ၁၉ အာကာသယာဉ်တွင် လိုက်ပါတာဝန်ထမ်းဆောင်မည့် အာကာသယာဉ်မှူးများအား တာဝန်ပေးအပ်

ပေကျင်း အောက်တိုဘာ ၂၉

တရုတ်နိုင်ငံက လွှတ်တင်မည့် ရှန်ကျို့ ၁၉ အာကာသယာဉ်တွင် လိုက်ပါတာဝန်ထမ်းဆောင်မည့် အာကာသယာဉ်မှူးများအား တာဝန်ပေးအပ်ခဲ့ကြောင်း တရုတ်အာကာသအေဂျင်စီက အောက်တိုဘာ ၂၉ ရက် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

၎င်းအာကာသယာဉ်မှူးများမှာ ကိုင်းဈူဇေး၊ ဆောင်လင်တုန်းနှင့် ဝမ်ဟိုဇီတို့ဖြစ်သည်။

ရှန်ကျို့ ၁၉ အာကာသယာဉ်အား ၂၀၂၄ ခုနှစ် အောက်တိုဘာ ၃၀ ရက် ပေကျင်းစံတော်ချိန် နံနက် ၄ နာရီ ၂၇ မိနစ်တွင် တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းရှိ ဂျီကွမ်း အာကာသယာဉ် လွှတ်တင်ရေးစင်တာမှ လွှတ်တင်မည်ဖြစ်သည်။

၎င်းအာကာသယာဉ်မှူးများသည် အာကာသထဲတွင် အာကာသသိပ္ပံဆိုင်ရာ စမ်းသပ်လေ့လာမှုများ ဆောင်ရွက်ခြင်း၊ ဒြပ်ထုမဲ့ပတ်ဝန်းကျင်၌ လုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်းနှင့် အာကာသဆိုင်ရာ သင်ခန်းစာများ ပို့ချခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်သည်။

ကိုးကား -ဆင်ဟွာ
ဘာသာပြန် -စိုးသူရ

လကမ္ဘာတွင် စူးစမ်းလေ့လာမှုများဆောင်ရွက်ရန် လဆင်းယာဉ်ဆင်းသက်မည့် နေရာကိုးခုကို အမေရိကန်အာကာသအေဂျင်စီနာဆာ ကြေညာ

ဝါရှင်တန် အောက်တိုဘာ ၂၉

လကမ္ဘာပေါ်တွင် စူးစမ်းလေ့လာမည့် အားတီးမစ် အမည်ရှိစီမံချက်တစ်ရပ်ကို အမေရိကန်၏အာကာသအေဂျင်စီနာဆာက ဆောင်ရွက်မည်ဖြစ်ကြောင်း ယနေ့ အင်နှအိတ်ချ်ကေသတင်းအရ သိရသည်။

ယင်းစီမံချက်အရ လူလိုက်ပါသည့် လဆင်းယာဉ်ကို ၂၀၂၆ ခုနှစ် စက်တင်ဘာလတွင် လပေါ်သို့ဆင်းသက်ရန် စေလွှတ်သွားမည်ဖြစ်သည်။ ၎င်းလဆင်းယာဉ်ဆင်းသက်မည့် လပေါ်ရှိ နေရာကိုးခုကိုလည်း နာဆာက အောက်တိုဘာ ၂၈ ရက်တွင် ကြေညာခဲ့ပြီး ၎င်းနေရာများသည် လ၏တောင်ဘက်ဝင်ရိုးစွန်းအနီးတွင် တည်ရှိသည်ဟု သိရသည်။

အဆိုပါ လဆင်းယာဉ်ဆင်းသက်မည့်နေရာများတွင် လေ့လာရေးလုပ်ငန်းများ ဆောင်ရွက်ရန် အရင်းအမြစ်များ တည်ရှိခြင်းရှိ၊ မရှိနှင့် လုံခြုံစိတ်ချစွာ ဆင်းသက်နိုင်ခြင်းရှိ၊ မရှိကို နာဆာက လေ့လာအတည်ပြုခဲ့သည်။ ထို့ပြင် လ၏တောင်ဘက်ဝင်ရိုးစွန်းအနီးတွင် ရေ ရှိ၊ မရှိနှင့် အကယ်၍ ရှိခဲ့ပါက ၎င်းရေအား လောင်စာ(သို့မဟုတ်) သောက်သုံးရေအဖြစ် သုံးစွဲရန် သင့်၊ မသင့်ကို ၎င်းလဆင်းယာဉ်တွင် လိုက်ပါမည့် အာကာသယာဉ်မှူးများက စစ်ဆေးအတည်ပြုမည်ဖြစ်သည်။

ကျပန်နိုင်ငံသည် အမေရိကန်နိုင်ငံက ဆောင်ရွက်မည့် အားတီးမစ်စီမံချက်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ပြီး ယင်းအချက်က ကျပန်အာကာသယာဉ်မှူးများအား လပေါ်သို့ဆင်းသက်နိုင်မည့် အခွင့်အရေးများကို ရရှိစေမည်ဖြစ်သည်။ ယင်းစီမံချက်အရ လပေါ်တွင် စူးစမ်းလေ့လာမှုများကို ၂၀၂၆ ခုနှစ် အလွန်ကာလအထိ ဆောင်ရွက်မည်ဖြစ်ပြီး အနာဂတ်ကာလတွင် အင်္ဂါဂြိုဟ်လေ့လာရေး လုပ်ငန်းများအထိ တိုးတက်ဆောင်ရွက်မည်ဟု သိရသည်။

ကိုးကား - အင်နှအိတ်ချ်ကေ၊ ဘာသာပြန် -စိုးသူရ



ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာအေဂျင်စီအား ပိတ်ပင်ခြင်းဖြင့် ဆိုးရွားသည့် အကျိုးသက်ရောက်မှုရှိဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ပြောကြား

ကုလသမဂ္ဂ အောက်တိုဘာ ၂၉

အစ္စရေးပါလီမန်က ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီအား လုပ်ငန်းလုပ်ကိုင်ခွင့် ပိတ်ပင်သည့် ဥပဒေများကို ပြဋ္ဌာန်းလိုက်ခြင်းအားဖြင့် ပါလက်စတိုင်းဒုက္ခသည်များအတွက် ကုလသမဂ္ဂကဆောင်ရွက်နေသည့် လုပ်ငန်းများအပေါ်တွင် ဆိုးရွားသည့် အကျိုးသက်ရောက်မှုများရှိကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရပ်စ်က အောက်တိုဘာ ၂၈ ရက်တွင် သတိပေးပြောကြားသည်။

ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးကိုထိခိုက်လာမည်

အစ္စရေးပါလီမန်က အောက်တိုဘာ ၂၈ ရက်တွင် ဥပဒေနှစ်ရပ်ပြဋ္ဌာန်းခဲ့ရာတွင် အစ္စရေးနိုင်ငံ၌ ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီ၏ လုပ်ငန်းဆောင်ရွက်ခွင့်ကို ရပ်ဆိုင်းသည့်ဥပဒေနှင့် အစ္စရေးတာဝန်ရှိသူများအား ၎င်းအေဂျင်စီနှင့်ဆက်သွယ်ခွင့်ကို ပိတ်ပင်သည့်ဥပဒေတို့ကို ပြဋ္ဌာန်းခဲ့သည်။ ယင်းဥပဒေများပြဋ္ဌာန်းခြင်းအားဖြင့် လက်ရှိဖြစ်ပွားနေသည့် အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခအရေးဖြေရှင်းဆောင်ရွက်ရန်အလှမ်းဝေးသွားမည်ဖြစ်ပြီး အရှေ့အလယ်ပိုင်းဒေသ၏ ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးကို ထိခိုက်လာမည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရပ်စ်က ပြောကြားသည်။

ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီသည် ပါလက်စတိုင်းဒုက္ခသည်များအား အခြေခံလိုအပ်ချက်များကို ထောက်ပံ့ပေးနေသည့် အဖွဲ့အစည်းဖြစ်သဖြင့် အစ္စရေးနိုင်ငံက အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေကို လေးစားလိုက်နာသင့်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ ယင်းဥပဒေများပြဋ္ဌာန်းလိုက်ခြင်းအားဖြင့် ပါလက်စတိုင်းဒုက္ခသည်များအတွက် ထိခိုက်ခံစားမှုများထပ်တိုးလာမည်ဟု ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီတာဝန်ရှိသူ ဖီလစ်ပီလာဇာယီက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

ကျပန်နိုင်ငံ၌ မီတာနည်းပညာကုမ္ပဏီအား ငွေကြေးလိမ်လည်ရယူသည့် ကြော်ငြာများထည့်သွင်းကြေညာမှုဖြင့် တရားစွဲဆို

တိုကျို အောက်တိုဘာ ၂၉

ကျပန်နိုင်ငံ၌ မီတာနည်းပညာကုမ္ပဏီ၏ လုပ်ငန်းခွဲဖြစ်သည့် ဖေ့စ်ဘွတ်နှင့် အင်စတာဂရမ်တို့အား သက်ဆိုင်ရာလူမှုကွန်ရက်များတွင် ကျော်ကြားသူများ၏ နာမည်ကို အသုံးချ၍ ကြော်ငြာများထည့်သွင်းကာ ငွေကြေးလိမ်လည်မှုများဖြစ်ပွားစေခဲ့သဖြင့် နိုင်ငံတစ်ဝန်းရှိ နစ်နာသူများက နစ်နာကြေး ယန်း ၄၃၅ သန်း ရရှိရန် တရားစွဲဆိုခဲ့ကြောင်း ယနေ့ ဆင်ဟွာသတင်းအရ သိရသည်။

တရားစွဲဆိုခဲ့

မီတာနည်းပညာကုမ္ပဏီ၏ ကျပန်နိုင်ငံ လုပ်ငန်းခွဲသည် ယင်းလိမ်လည်မှုများအား တားဆီးရေးအတွက် လိုအပ်သည့်ပြင်ဆင်ဆောင်ရွက်မှုများ ဆောင်ရွက်ရန် ပျက်ကွက်ခဲ့သဖြင့် အိုဆာကာ၊ကိုဘေ၊ ယိုကိုဟားမား၊ ချီဘာနှင့် ဆိုင်းတမ စီရင်စုများရှိ တရားရုံးများတွင် နစ်နာသူများက တရားစွဲဆိုခဲ့သည်။

မီတာနည်းပညာကုမ္ပဏီသည် ၎င်း၏ လူမှုကွန်ရက်စာမျက်နှာများတွင် အဆိုပါ ငွေကြေးလိမ်လည်သည့် ကြော်ငြာများကို စိစစ်တည်းဖြတ်ရန် တာဝန်ရှိသည်ဟု တရားစွဲဆိုသူများက စောဒကတက်ခဲ့ကြသည်။

အဆိုပါကြော်ငြာများတွင် နာမည်ကျော်ကြားသူများကိုအသုံးချ၍ တရားဝင်တည်ရှိခြင်းမရှိသည့် လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် အကောင့်အတုများထံသို့ ငွေကြေးလွှဲပြောင်းပေးသည့် ဖြစ်စဉ်များ ဖြစ်ပွားခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

တရားမဝင် စက်သုံးဆီများ၊ သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ဆိုင်ကယ်အပိုပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၂၉

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၆ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအုပ်စုနိုင်းစတားစက်သုံးဆီဆိုင်အနီး၌ ရပ်တန့်ထားသော ယာဉ်လေးစီးပေါ်မှ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ ၄၄၄ ပေပါ၊ ဓာတ်ဆီ ၁၄၈ ပေပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀၀)နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် JAC Tractor Head နှစ်စီး၊ Dong Feng Tractor Head နှစ်စီးနှင့် နောက်တွဲဆီသယ်ယာဉ် လေးတွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၈၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၈၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

စစ်ဆေးမှုများဆောင်ရွက်

ထို့ပြင် အောက်တိုဘာ ၂၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင်းအမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၂၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(သွင်းကုန်)၌ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၃၆၂၈၀)ကို လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၂၃၆၂၈၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပုဂံမြို့ အရှေ့ဘက်ခြမ်းရှိ ဆိပ်ကမ်းအနီးတွင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် ယာဉ်နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hi-Ace ယာဉ်တစ်စီးနှင့် စက်မှုန်ထုတ် AMA AUNG MYAN ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် သုည ဒသမ ၅၆၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၉၃၁၂ ကျပ်)ကို သစ်တော ဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၄၂၀၃၉၃၁၂ ကျပ်ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ ယာဉ်သုံးစီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၇ မျိုး၊ လူသုံးကုန်ပစ္စည်းရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၈၂၉၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Corolla Fielder တစ်စီး၊ စက်မှုဇုန်ထုတ် Myanmar Station Wagon တစ်စီး၊ Mitsubishi Pajero တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးစခန်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၂၈၉၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀၀၀)ကိုလည်းကောင်း၊ မြစ်ငယ်တိုးဂိတ်အနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၂၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးလမ်း မိုင်တိုင်အမှတ် (၃၅၂)၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းခုနစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၈၄၄၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၇၆၀၈၇၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၉ ရက်တွင် ကျိုင်းတုံမြို့ မြို့ရှောင်လမ်း ယာဉ်ရပ်နားဝင်းအနီး၌ ကျိုင်းတုံမြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဆိုင်ကယ်အပိုပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၈၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) ကိုလည်းကောင်း၊ အောက်တိုဘာ ၂၉ ရက်တွင် ကျိုင်းတုံမြို့ မြို့ရှောင်လမ်း ကျိုင်းဖောင်းရွာအနီး၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၃၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၂၆ ရက်၊ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၇ မှု (ခန့်မှန်းတန်ဖိုးငွေ ၁၃၈၉၄၅၅၂၉၂ ကျပ်) သိမ်းဆည်းရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် စျေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေနိုင်ပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာ ဆုံးရှုံးနစ်နာခြင်းများဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ ပင်လယ်ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင်ကုန်စည် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်



ဟားခါးမြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်သည့် လက်နက်ကြီးကျည်ထိမှန်၍ ပြည်သူလေးဦး ထိခိုက်ဒဏ်ရာရကြောင်း သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၉

ချင်းပြည်နယ် ဟားခါးမြို့တွင် အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက လုံခြုံရေးတပ်ဖွဲ့ဝင်များ ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည်ကျရောက်ပေါက်ကွဲပြီး ဒေသခံအမျိုးသမီးသုံးဦးနှင့် အမျိုးသား တစ်ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ပစ်ခတ်တိုက်ခိုက်ခြင်းများပြုလုပ်

အဆိုပါ သတင်းနှင့်ပတ်သက်၍ အကြမ်းဖက်သမားများသည် ချင်းပြည်နယ် ဟားခါးမြို့အတွင်းရှိ ကျေးရွာများတွင် ခိုအောင်းလှုပ်ရှားနေပြီး နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား အဝေးမှ ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဒေသခံပြည်သူများ နေထိုင်သည့် လူနေရပ်ကွက်၊ ကျေးရွာများကို လက်နက်ကြီးများ၊ Drop Bomb များဖြင့် မကြာခဏ ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်နေသဖြင့် အကြမ်းဖက်မှုကို မလိုလားသော ဒေသခံပြည်သူများ၏ သတင်းပေးပို့မှုများအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားများ ခိုအောင်းနေသည့်နေရာများကို ပစ်ခတ်တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့ရာ အကြမ်းဖက်သမားအချို့ ထိခိုက်ကျဆုံးခဲ့ကြောင်း သက်ဆိုင်ရာ နယ်မြေလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ထိုသို့ အကြမ်းဖက်သမားများက အထိအခိုက်အကျအဆုံးများပြားလာပြီး ပြည်သူလူထု၏ ထောက်ခံအားပေးမှုလည်း ကျဆင်းလာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများက ယခုကဲ့သို့ ဖြစ်စဉ်လွဲမှားသော မဟုတ်မမှန် သတင်းများအား ရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သိရသည်။



သတင်းစဉ်

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေး ကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၂၉

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၂၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "@Kyaw 25448" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်(တောင်) ရပ်ကွက်နေ ကျော်စိုးဝင်း (ခ)အတူးအား နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ချမ်းမြသာစည်မြို့နယ် အမှတ်(၁၁)နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ထားဝယ်ထောင်တွင် အကျဉ်းသားတစ်ဦး လုံလောက်သော ဆေးကုသခွင့်မရရှိဘဲ လေဖြတ်ရောဂါဖြင့်သေဆုံးဟု မဟုတ်မမှန် လုပ်ကြံရေးသား

နေပြည်တော် အောက်တိုဘာ ၂၉

ထားဝယ်ထောင်တွင် နိုင်ငံရေးအကျဉ်းသားတစ်ဦး လုံလောက်သော ဆေးကုသခွင့်မရရှိဘဲ လေဖြတ်ရောဂါဖြင့် သေဆုံးခေါင်းစဉ်ဖြင့် Khit Thit Media အမည်ခံ Facebook Page တွင် အောက်တိုဘာ ၂၁ ရက်က မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်အား စိစစ်ရာတွင် ထားဝယ်အကျဉ်းထောင်၌ နိုင်ငံရေးအကျဉ်းသားဟူ၍မရှိဘဲ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ကျူးလွန်၍ ပြစ်ဒဏ်ကျခံနေရသူများသာရှိကြောင်း၊ အကျဉ်းသားရဲအောင်သည် အဖျားရောဂါနှင့် ယာဘက် ကိုယ်တစ်ခြမ်း လေဖြတ်ကာ လမ်းမလျှောက်နိုင်ခြင်းရောဂါ ခံစားနေရသဖြင့် ဇူလိုင် ၄ ရက်တွင် ထားဝယ်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသခဲ့ပြီး ပြန်လည်သက်သာလာသဖြင့် ဇူလိုင် ၉ ရက်တွင် ဆေးရုံဆင်းခွင့်ပြုခဲ့ကြောင်း။

ဆေးရုံဆင်းခွင့်ပြုပြီးနောက် ဆရာဝန်ချိန်းဆိုသည့်ရက်များတွင် ထားဝယ်ပြည်သူ့ဆေးရုံကြီးသို့ စုစုပေါင်း သုံးကြိမ် နေ့ချင်းပြန် ဆေးရုံပြေးခဲ့ကြောင်း၊ အကျဉ်းထောင် သူနာပြုများကလည်း အကျဉ်းသားရဲအောင်အား အနီးကပ်ကြပ်မတ်ကုသပေးခဲ့ကြောင်း၊ ထိုသို့ အနီးကပ်ကြပ်မတ်ကုသပေးခဲ့သော်လည်း ရောဂါသက်သာခြင်းမရှိသဖြင့် စက်တင်ဘာ ၂၇ ရက်တွင် ထားဝယ်ပြည်သူ့ဆေးရုံကြီးသို့ ဒုတိယအကြိမ် တင်ပို့ကုသပေးခဲ့ပြီး ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်ပေးခြင်း၊ ဦးခေါင်းကွန်ပျူတာ ဓာတ်မှန်ရိုက်ခြင်း (CT Scan– Head) များဆောင်ရွက်ခဲ့ရာ "ဦးနှောက်တွင် အကျိတ်တည်ခြင်းရောဂါ" ခံစားနေရသည်ကို တွေ့ရှိခဲ့ကြောင်း။

ထားဝယ်ပြည်သူ့ဆေးရုံကြီးတွင် ၂၁ ရက်ကြာ လိုအပ်သော ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့သော်လည်း ပြန်လည်သက်သာလာခြင်း မရှိဘဲ ရောဂါ၏ နောက်ဆက်တွဲ ဆိုးကျိုးများကြောင့် အောက်တိုဘာ ၁၇ ရက် ညနေ ၄ နာရီခွဲတွင် ဦးနှောက်တွင် အကျိတ်တည်ခြင်းကြောင့် ဦးနှောက်အတွင်း သွေးကြောပိတ်၍ လေဖြတ်ခြင်းရောဂါကြောင့် သေဆုံးသွားခဲ့ခြင်းသာဖြစ်သည်။

ထို့ပြင် အကျဉ်းသားရဲအောင်အား ဆေးရုံတင်ပို့ကုသထားပေးသည့် ကာလအတွင်း မိသားစုဝင်များသည် လာရောက်ခြင်းမရှိသဖြင့် ဆေးဝါးကုန်ကျစရိတ်အား အကျဉ်းထောင်အစီအစဉ်ဖြင့် ကုသပေးခဲ့ကြောင်း၊ သေဆုံးသည့်သတင်းအား အကျဉ်းသား၏ မိသားစုများထံ ဆက်သွယ်အကြောင်းကြားခဲ့ပြီး အကျဉ်းထောင်မှ ဗုဒ္ဓဘာသာဓလေ့ထုံးတမ်းစဉ်လာအတိုင်း ကောင်းမွန်စွာ သင်္ဂြိုဟ်ပေးခဲ့သည့်အတွက် Khit Thit Media အမည်ခံ Facebook Page ၏ ဖော်ပြမှုသည် ပြည်သူအများအထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာဖြစ်သည်။

သစ္စာ

မလေးရှားနိုင်ငံ၌ လုပ်ငန်းခွင်အတွင်း ထိခိုက်သေဆုံးခဲ့သည့် မြန်မာအလုပ်သမား၏ မိုခိုသူအကျိုးခံစားခွင့် ခံစားရရှိ

နေပြည်တော် အောက်တိုဘာ ၂၉

မလေးရှားနိုင်ငံ လူမှုဖူလုံရေးအဖွဲ့ (PERKESO)၌ အကျုံးဝင်မှတ်ပုံတင်ထားသည့် မြန်မာအလုပ်သမား မောင်ကျော်မြင့်ဦး (MD 372855) သည် မလေးရှားနိုင်ငံ၌ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် လုပ်ငန်းခွင် ထိခိုက်သေဆုံးခဲ့မှုအတွက် မလေးရှားနိုင်ငံ အလုပ်သမားများ၏ လူမှုဖူလုံရေးအက်ဥပဒေ (Act – 4) အရ မိုခိုသူအကျိုးခံစားခွင့်ရရှိရန် မြန်မာနိုင်ငံ လူမှုဖူလုံရေးအဖွဲ့သည် သက်ဆိုင်ရာမိသားစုများနှင့် ချိတ်ဆက်၍ မလေးရှားနိုင်ငံ လူမှုဖူလုံရေးအဖွဲ့ (PERKESO)သို့ ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ဇနီးဖြစ်သူ ဒေါ်စန်းစန်းရင်သည် မလေးရှားနိုင်ငံ လူမှုဖူလုံရေးအဖွဲ့က ပေးအပ်သည့် မိုခိုသူ အကျိုးခံစားခွင့် ငွေကျပ် ၂၄၉၉၃၅၂၈ ကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၂ ရက်တွင် လက်ခံရရှိခဲ့ကြောင်း သိရသည်။



အကျိုးခံစားခွင့်များ ရရှိခံစား

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့သည် ပြည်ပ၌တရားဝင် အလုပ်လုပ်ကိုင်နေသည့် မြန်မာရွှေ့ပြောင်း အလုပ်သမားများ၏ လူမှုဖူလုံရေးအခွင့်အရေးများ ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိရာ မလေးရှားနိုင်ငံ လူမှုဖူလုံရေးအဖွဲ့ (PERKESO)နှင့် လူမှုဖူလုံရေးကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်ရန် ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာ (MOC)ကို ၂၀၂၀ ပြည့်နှစ်က လက်မှတ်ရေးထိုးခဲ့ပြီး မလေးရှားနိုင်ငံ လူမှုဖူလုံရေးအဖွဲ့ (PERKESO)၌ အကျုံးဝင် မှတ်ပုံတင်ထားသည့် မြန်မာအလုပ်သမားများ၏ လူမှုဖူလုံရေးအကျိုးခံစားခွင့်များ ရရှိရန် မလေးရှားနိုင်ငံ အလုပ်သမားများ၏ လူမှုဖူလုံရေးအက်ဥပဒေ (အက်–၄) အရ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် မလေးရှားနိုင်ငံ လူမှုဖူလုံရေးအဖွဲ့၌ အကျုံးဝင်မှတ်ပုံတင်ထားသည့် မြန်မာအလုပ်သမား ၃၂ ဦး၏ လူမှုဖူလုံရေးဆိုင်ရာ အကျိုးခံစားခွင့်များအား မိုခိုသူမိသားစုဝင်များက ရရှိခံစားလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၁၀-၂၀၂၄

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၃၀၈၀	၃၁၆၀	၃၁၃၅	၃၀၉၀	၃၁၆၅	၃၁၇၅	၃၁၉၀	၃၁၄၅	၄၄၀၅	၃၃၀၀	၃၁၅၀	၃၁၆၅	၃၂၅၀	၃၁၈၅	၃၂၂၀	၃၆၀၅	၄၁၀၀
95 Ron	၃၂၉၀	၃၃၇၀	၃၃၄၅	၃၃၀၀	၃၃၇၅	၃၃၈၅	၃၄၀၀	၃၃၇၅	၄၄၇၅	၃၅၁၀	၃၃၆၀	၃၃၇၅	၃၄၁၀	၃၃၉၅	၃၄၁၀	၃၈၁၅	၄၂၅၀
HSD (500 ppm)	၂၆၁၅	၂၆၉၅	၂၆၇၀	၂၆၂၅	၂၆၉၅	၂၇၁၀	၂၇၂၀	၂၆၇၅	-	၂၈၃၀	၂၆၈၅	၂၇၀၀	၂၇၃၀	၂၇၂၀	၂၇၂၀	၃၁၃၅	၄၁၀၀
HSD (50 ppm)	၃၂၆၀	၃၃၄၀	၃၃၂၀	၃၂၇၀	၃၃၄၅	၃၃၅၅	၃၃၇၀	၃၃၂၅	၄၇၂၀	၃၄၈၀	၃၃၃၀	၃၃၄၅	၃၃၈၀	၃၃၆၅	၃၃၈၀	၃၇၈၅	-
HSD (10 ppm)	၃၂၆၀	၃၃၄၀	၃၃၂၀	၃၂၇၀	၃၃၄၅	၃၃၅၅	၃၃၇၀	၃၃၂၅	-	၃၄၈၀	၃၃၃၀	၃၃၄၅	၃၃၈၀	၃၃၆၅	၃၃၈၀	၃၇၈၅	-

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၉၂၂	၃၀၁၄
95 Ron	၃၁၂၅	၃၂၂၁
HSD (500 ppm)	၂၄၆၉	၂၅၄၀
HSD (50 ppm)	၃၀၉၇	၃၁၈၀
HSD (10 ppm)	၃၀၉၇	၃၁၈၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားမြို့နယ် နန်းကွေ့ကျေးရွာအုပ်စုအတွင်း ငါးမွေးမြူရေးလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



မြစ်ကြီးနား အောက်တိုဘာ ၂၉

ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုများ တိုးတက်မြင့်မားလာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ယနေ့နံနက် ၉ နာရီက မြစ်ကြီးနားမြို့နယ် နန်းကွေ့ကျေးရွာအုပ်စုနောင်းပုံကျေးရွာအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးသည်။

ပေါင်းစပ်ဆောင်ရွက်ပေး

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများဖြစ်သည့် သယံဇာတရေးရာဝန်ကြီး၊ လူမှုရေးရာဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ နောင်းပုံကျေးရွာအတွင်းရှိ ပိုင်ရှင်ဦးဇော်ဆိုင်း၏ ခြံသို့သွားရောက်ပြီး ခြံဝင်း ၈က ၂၀ အတွင်း ငါးမွေးမြူရေးကန်များဖြင့် ငါးများမွေးမြူထားရှိလျက်ရှိသည့်အပြင် ကျန်ဧရိယာများတွင် ငွေတိုးစပါးများ စိုက်ပျိုးထားရှိမှု၊ ပန်းအလှပင်များနှင့် မြေယာရှုခင်းများ ပြင်ဆင်ပြီး အများပြည်သူအပန်းဖြေနေရာ၊ မိုတယ်တစ်လုံးနှင့် ပုဂ္ဂလိကပိုင် ဆေးရုံငယ်တစ်ခုအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အစီအစဉ်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က မိုးစပါးအတွက် မျိုးပြောင်းလဲ စိုက်ပျိုးနိုင်ရေးနှင့် ငါးမွေးမြူရေးလုပ်ငန်းအတွက် စနစ်တကျမွေးမြူနိုင်ရန် နည်းပညာများ ပံ့ပိုးပေးနိုင်ရေးနှင့် ငါးမျိုးများ ချိတ်ဆက်ထောက်ပံ့ပေးနိုင်ရေး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် အဆိုပါကျေးရွာအတွင်းရှိ ၎င်းပိုင်ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးခြံသို့ ထပ်မံသွားရောက်ပြီး အဆိုပါခြံဝင်း ၁၅ ဧကအတွင်း မိုးစပါးစိုက်ပျိုးထားရှိမှု၊ စီးပွားဖြစ်ရောင်းချနိုင်ရေး စိုက်ပျိုးဆောင်ရွက်ထားရှိသည့် ခရမ်းချဉ်သီး၊ ပဲရှည်သီး၊ ချဉ်ပေါင်၊ ဖရုံ၊ ကိုက်လန်၊ မုန်ညင်းစသည့် ဟင်းသီးဟင်းရွက်ပင်များ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနရုံး၌ နိုဝင်ဘာ ၁ ရက်တွင် စတင်ကျင်းပမည့် တိုင်းရင်းသားရေးရာဝန်ကြီးဖလား တိုင်းရင်းသားမျိုးနွယ်စုပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က ဘောလုံးအားကစား အဆင့်အတန်းတိုးတက်မြင့်မားရေးနှင့် ဌာနေတိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ရေးကို အလေးထားကျင်းပသည့် ပြိုင်ပွဲဖြစ်သည့်အတွက် ကြိုးစားပါဝင်ယှဉ်ပြိုင်ကြရန်လိုကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ကချင်တိုင်းရင်းသားမျိုးနွယ်စု ခြောက်မျိုးမှ ပြိုင်ပွဲဝင် ဘောလုံးအသင်းများအတွက် အားကစားဝတ်စုံများနှင့် ထောက်ပံ့ငွေကျပ် ငါးသိန်းစီဖြင့် စုစုပေါင်းငွေကျပ်သိန်း ၃၀ ကို လည်းကောင်း၊ ပြည်နယ်ငွေကျပ်သိန်း ၃၀ ကိုလည်းကောင်း၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်က ရှမ်းတိုင်းရင်းသားမျိုးနွယ်စု ငါးမျိုးနှင့် ဗမာတိုင်းရင်းသားပြိုင်ပွဲဝင် ဘောလုံးအသင်းများအတွက် အားကစားဝတ်စုံများနှင့် ထောက်ပံ့ငွေကျပ် ငါးသိန်းစီဖြင့် စုစုပေါင်းငွေကျပ်သိန်း ၃၀ ကို လည်းကောင်း ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ပြည်နယ်(ပြန်/ဆက်)

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံသီးနှံ ဖရုံ၃၉ ဧက စိုက်ပျိုးပြီးစီး



ပွင့်ဖြူ အောက်တိုဘာ ၂၉

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံသီးနှံ ဖရုံ၃၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံသီးနှံ ဧက ၄၁၈၀၀ စိုက်ပျိုးရန် လျာထားပြီး ဒေသခံတောင်သူများက သတ်မှတ်စိုက်ဧက ပြည့်မီရေးအတွက် ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့အထိ ပဲမျိုးစုံသီးနှံ ဖရုံ၃၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ စိုက်ပျိုးတဲ့ ပဲမျိုးစုံသီးနှံတွေကတော့ ကုလားပဲ၊ ထောပတ်ပဲ၊ ပဲလွမ်း၊ ပဲကြီး၊ ပဲနောက်၊ ပဲကျား၊ စားတော်ပဲနဲ့ အခြားပဲသီးနှံတို့ကို စိုက်ပျိုးတာ ဖြစ်ပါတယ်။ ပဲမျိုးစုံသီးနှံစိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး အရင်နှစ်ကထက် သီးနှံအထွက်နှုန်းတွေ ပိုမိုရရှိအောင် ဒေသခံတောင်သူတွေကို ဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေကို ရွေးချယ်ပြီး တိုးချဲ့စိုက်ပျိုးကြဖို့၊ စိုက်ပျိုးရေးသွင်းအားစုပစ္စည်းတွေ စနစ်တကျသုံးစွဲကြဖို့ ပညာပေးတာတွေကို ကွင်းဆင်းကြီးကြပ်ပြီး ဆောင်ရွက်ပေးထားပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံစိုက်ပျိုးရန် လျာထားမှုအနေဖြင့် ကုလားပဲ ၂၁၈၄၃ ဧက၊ မတ်ပဲ ၁၃၂ ဧက၊ ပဲကြီး ၃၆၉၇ ဧက၊ စားတော်ပဲ ၃၁၈၅ ဧက၊ ပဲလွမ်း ၃၂၃၂ ဧက၊ ပဲနောက် ၄၁၈ ဧက၊ ပဲယဉ်း ၂၁၄ ဧက၊ ပဲကျား ၃၉၁ ဧက၊ ထောပတ်ပဲ ၇၇၃၂ ဧက၊ အခြားပဲသီးနှံ ၉၅၆ ဧက စုစုပေါင်း ပဲမျိုးစုံသီးနှံ ဧက ၄၁၈၀၀ ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက သက်ဆိုင်ရာ ဆက်စပ်ဌာနများနှင့် ချိတ်ဆက်၍ ဒေသခံတောင်သူများအား လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုပစ္စည်းများ၊ ပိုးမွှားကျရောက်မှု မရှိစေရေး ကြိုတင်ကာကွယ်နှိမ်နင်းရမည့် နည်းလမ်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)

ဗျာပုံမြို့နယ်၌ သမဝါယမအသင်းသား တောင်သူများအတွက် သွင်းအားစုများပံ့ပိုး

ဗျာပုံ အောက်တိုဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး ဗျာပုံမြို့နယ်သမဝါယမဦးစီးဌာန၏ အစီအစဉ်ဖြင့် သမဝါယမအသင်းသားတောင်သူများသို့ မိုးစပါးများ စိုက်ပျိုးရန်အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် လူမှုစီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိရာ ဗျာပုံမြို့နယ် ဘုန်းကြီးသောင်ကျေးရွာ ရွှေပြည်ရန်နိုင်စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းက အသင်းသားများ၏ စိုက်ဧက ၉၀ အတွက် ပံ့ပိုးငွေကျပ် ၁၈ သန်းတန်ဖိုးရှိ သွင်းအားစုများဖြစ်သည့် ကောမက်(ပုလဲ) ၉၇ အိတ်၊ အာမို(ပိုတက်) အိတ် ၅၀ နှင့် ပေါင်းသတ်ဆေးများကို ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ရွှေတောင်မြို့နယ်၌ ဆောင်းရာသီ ဆီထွက်သီးနှံ ၂၁၈၂၂ ဧက လျာထားစိုက်ပျိုးမည်

ရွှေတောင် အောက်တိုဘာ ၂၉

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်၌ ရာသီအလိုက်သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ တောင်သူများအနေဖြင့် ဒေသတွင်းစာသုံးဆီဖူလုံပိုလျှံရန်အတွက် လာမည့် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ ၂၁၈၂၂ ဧက စိုက်ပျိုးနိုင်ရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက လျာထားဆောင်ရွက်လျက်ရှိပြီး ဆောင်းသီးနှံစိုက်ခင်းများစိုက်ပျိုးလျက်ရှိသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြေပဲ ၁၅၈၉၃ ဧက၊ နှမ်း ၅၁၉၄ ဧက၊ နေကြာ ၇၃၅ ဧက စုစုပေါင်း ၂၁၈၂၂ ဧက စိုက်ပျိုးနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိပြီး မြေပဲ ၈၃၉၃ ဧက၊ နှမ်း ၁၉၈၅ ဧက စုစုပေါင်း ၁၀၃၇၈ ဧက စိုက်ပျိုးပြီးစီးခဲ့ပြီး အချိန်မီစိုက်ပျိုးနိုင်ရေးနှင့် သီးနှံအထွက်တိုး အောင်မြင်ဖြစ်ထွန်းရေး မျိုးစေ့၊ စိုက်ပျိုးရေးနည်းပညာနှင့် အထောက်အပံ့များကို တာဝန်ရှိသူများက ပံ့ပိုးကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုကိုမင်း (ပြန်/ဆက်)



အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန် နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက် သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်တွင် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲသို့ ရခိုင်ပြည်နယ်ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်မည့်အဖွဲ့အား ထောက်ပံ့ငွေပေးအပ်

စစ်တွေ အောက်တိုဘာ ၂၉

နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်၌ ကျင်းပမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်တွင် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲသို့ ရခိုင်ပြည်နယ်ကိုယ်စားပြု မသိုးသင်္ကန်းရက်လုပ် ပူဇော်ပွဲ သွားရောက်ယှဉ်ပြိုင်မည့် အသင်းအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက မြန်မာ့ရိုးရာ ဗုဒ္ဓဘာသာယဉ်ကျေးမှု အစဉ်အလာမပျက်အောင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး ရေပန်းရင်ပြင်တော်တွင် တန်ဆောင်တိုင်ပွဲတော်ကို နိုဝင်ဘာ ၁၅ ရက်တွင် နိုင်ငံတော်အဆင့် အခမ်းအနားဖြင့် စည်ကား သိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း၊ မသိုးသင်္ကန်း ရက်လုပ်ပြိုင်ပွဲကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြုအသင်း ၁၅ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ရာ ရခိုင်ပြည်နယ်ကိုယ်စားပြု တော်ဝင်သင်္ဃအသင်းအနေဖြင့် နိုင်ငံတော်အဆင့်ပြိုင်ပွဲဝင်ရောက်မည် ဖြစ်သည့်အတွက် ပြည်နယ်၏ဂုဏ်သိက္ခာကို ဆောင်နိုင်ရန် လိုမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူးက မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲသို့ ပါဝင်ယှဉ်ပြိုင်မည့် အခြေအနေကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲသို့ သွားရောက်မည့် ရခိုင်ပြည်နယ်ကိုယ်စားပြု ရက်ကန်းအဖွဲ့ထံ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဝင်းမင်းစိုး(ပြန်/ဆက်)



မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် အောက်တိုဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွှေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/၈လ

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြုံခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

နေပြည်တော် အောက်တိုဘာ ၂၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်း တမံ စုစုပေါင်း ၁၂ ခုရှိပြီး ယင်းတို့တွင် ပိုလျှံရေမရှိဘဲ ယနေ့တွင် ပေါင်းလောင်းရေလှောင်တမံတွင် HED ရေတံခါးအချပ် ၂၀ ထောင်ထား ပြည်ထောင်စုနယ်မြေ သည်။ အဆိုပါရေလှောင်တမံများ၏ ကြုံခိုင်မှုအခြေအနေမှာ ကောင်းမွန် လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ် စစ်ဆေးလျက်ရှိပြီး စိုးရိမ်ရန်မရှိကြောင်း သိရသည်။

သတင်းစဉ်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

ရက်စွဲ ၂၉-၁၀-၂၀၂၄
(၆:၀၀)နာရီ

ပြည်ထောင်စုနယ်မြေ နေပြည်တော်

အကြောင်းအရာ ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။

စဉ်	ရေလှောင်တမံအမည်	ကန်ရေပြည့်		ကန်ရေသေ		(၂၉.၁၀.၂၀၂၄)နေ့ရှိ			ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ)	ကန်ရေပြည့်ရန် လိုအပ်သည့်		ကန်ရေပြည့်ပြီး		မိုးရေချိန် (လက်မ)	ယခင်နေ့ ရေမှတ်
		ရေမှတ် (ပေ)	သိုလှောင်ရေ ပမာဏ (ဧကပေ)	ရေမှတ် (ပေ)	သိုလှောင်ရေ ပမာဏ (ဧကပေ)	ဝင်ရေ (ဧကပေ)	ရေမှတ် (ပေ)	သိုလှောင် ပမာဏ (ဧကပေ)		ရေအနက် (ပေ)	သိုလှောင် ပမာဏ (ဧကပေ)	အမြင့် (ပေ)	ပိုလျှံရေ ပမာဏ (ဧကပေ)		
၁	ပေါင်းလောင်းတမံ	၆၂၃.၃၉	၅၄၉၄၂၀	၅၄၁.၃၆	၂၇၃၆၆၀	၁၃၈၆၂	၆၂၂.၅၆	၅၄၆၁၉၆	၁၇၈၇၅ (လျှပ်စစ်ထုတ်ရေ)	၀.၈၃	၃၂၄	-	-	-	၆၂၃.၅၈
၂	မဒန်းတမံ	၆၃၅.၀၀	၃၆၅၀၀	၅၉၀.၀၀	၅၂၀၀	၁၃	၆၂၇.၇၀	၂၈၈၀၇	-	၇.၃၀	၇၆၉၃	-	-	-	၆၂၇.၇၀
၃	ချောင်းမငယ်တမံ	၅၂၀.၀၀	၉၁၇၇၀	၄၈၀.၀၀	၁၅၃၀၀	၄၀	၅၁၉.၁၀	၈၉၃၁၃	-	၀.၉၀	၂၄၅၇	-	-	-	၅၁၉.၁၀
၄	ဖောင်းလောင်တမံ	၅၁၂.၀၀	၁၂၂၅၇	၄၉၀.၅၀	၂၅၄၀	၉	၅၀၉.၆၀	၁၀၅၀၄	၁	၂.၄၀	၁၇၅၃	-	-	-	၅၀၉.၆၀
၅	ရေဆင်းတမံ	၄၃၉.၀၀	၇၃၀၀၀	၃၆၈.၄၀	၁၀၄၀	၁၄၈	၄၃၇.၇၈	၆၉၃၄၀	၁၂၄	၁.၂၂	၃၆၆၀	-	-	-	၄၃၇.၇၈
၆	ငလိုက်တမံ	၅၃၅.၀၀	၇၅၀၀၀	၅၀၆.၀၀	၁၂၉၅၀	၃၆	၅၃၄.၉၅	၇၄၇၉၉	-	၀.၀၅	၂၀၁	-	-	-	၅၃၄.၉၅
၇	သဲဖြူတမံ	၄၁၈.၀၀	၈၇၁၈	၃၉၀.၀၀	၆၈၇	၁	၄၁၅.၆၅	၇၃၉၁	၁၁	၂.၃၅	၁၃၂၇	-	-	-	၄၁၅.၆၉
၈	ဆင်သေတမံ	၇၁၀.၀၀	၁၄၃၀၉၀	၆၇၄.၀၀	၁၇၃၀၃	၄၁	၇၀၃.၆၄	၁၀၈၁၉၃	၁၄၂	၆.၃၆	၃၄၈၉၇	-	-	-	၇၀၃.၆၇
၉	ကင်းသာရေထိန်းတမံ	၅၅၈.၅၀	၇၂	၅၄၅.၀၀	၈					ရေတိုက်စား				-	
၁၀	မုန်ရေထိန်းတမံ	၆၀၂.၀၀	၅၀၀	၅၉၂.၀၀	၂၂၅	၁၁၀	၆၀၁.၈၀	၄၉၀	၆၁	၀.၂၀	၁၀	-	-	-	၆၀၁.၈၅
၁၁	မြို့လှတမံ	၈၇၀.၀၀	၁၄၆၀၀	၈၅၀.၀၀	၄၅၂၀	၉	၈၆၃.၄၀	၁၀၀၈၇	၂၈	၆.၆၀	၄၅၁၃	-	-	-	၈၆၃.၄၅
၁၂	တောက်ပြိုတမံ	၆၇၉.၀၀	၂၄၉၁	၆၅၉.၀၀	၄၇၅	၁	၆၇၄.၀၀	၁၈၃၈	-	၅.၀၀	၆၅၃	-	-	-	၆၇၄.၀၀

မှတ်ချက် - ပေါင်းလောင်းတမံတွင် HED ရေတံခါးရွက် (၂၀) ချပ်ထောင်ထားပါသည်။

တောင်သူ့ရွှေခေတ်ရောက်စေဖို့ ရေတင်လုပ်ငန်းများဖြင့် ကူညီစို့ ....

ရွှေယွန်းအိမ်

မြစ်ရောသည် တိုင်းဒေသကြီး၏ အလယ်ဗဟို မှ ရစ်ခွေစီးဆင်းကာ ဒေသပြည်သူများကို အကျိုးပြု လျက်ရှိသည်။ အပူပိုင်းဒေသ မကွေးတိုင်းဒေသကြီး အတွက် ဧရာဝတီမြစ်ကြီးသည် တန်ဖိုးဖြတ်၍ မရသည့် သဘာဝတရား၏ လက်ဆောင်တစ်ခု ဖြစ်သည်။ ဧရာဝတီကိုမှီတည်၍ ကမ်းတစ်ဖက်စီတွင် မကွေးတိုင်းဒေသကြီးအတွင်းမှ မြို့များစွာ၊ ကျေးရွာများစွာ တည်ရှိနေသည်။

မြင်ကွန်းကျေးရွာသည် ဧရာဝတီမြစ်အရှေ့ ဘက်ကမ်းဘေးတွင် တည်ရှိသည့် တိုင်းဒေသကြီး အတွင်းမှ ကျေးရွာတစ်ခုဖြစ်သည်။ မကွေးတိုင်း ဒေသကြီး မကွေးမြို့နယ်အတွင်းတည်ရှိပြီး စပါးနှင့် ဆီထွက်သီးနှံများကို အဓိကစိုက်ပျိုး၍ အသက်မွေး ဝမ်းကျောင်းပြုကြသည်။

"စပါးက ပန်းတိုင်အထွက်နှုန်းအတိုင်း ထွက်ရှိ တယ်၊ ဆီထွက်သီးနှံကလည်း ပန်းတိုင်အထွက်နှုန်း အတိုင်း ထွက်ရှိတယ်။ ဒီလိုအထွက်နှုန်းကောင်း တော့ တောင်သူဝင်ငွေကောင်းတာပေါ့။ အရင်က ဧရာဝတီမြစ်ကြီးရှိပေမယ့် မြစ်ရေတင်မရှိတော့ မိုးမျှော်ပြီး စိုက်ပျိုးရတာပေါ့။ အခုက မြစ်ရေတင် ရှိပြီဖြစ်တဲ့အတွက် အထွက်နှုန်းရဖို့ပဲ ဂရုစိုက်ရ တယ်၊ မိုးမျှော်ရတုန်းကလို မိုးမရွာလို့ သီးနှံမရတာ မျိုးမရှိတော့ဘူး" ဟု မြင်ကွန်းကျေးရွာမှ တောင်သူ ဦးကိုကိုမောင်က ပြောပြသည်။

၁၆၈ ကီလိုဝပ် တွဲဖက်တပ်ဆင်ထားသည့် ဆိုလာရေတင်လုပ်ငန်းသစ်တစ်ခု

မြင်ကွန်းကျေးရွာနှင့် ဆက်စပ်ကျေးရွာများရှိ စိုက်ပျိုးမြေဧက ၅၀၀ ကို မြင်ကွန်းဆိုလာလျှပ်စစ် မြစ်ရေတင်လုပ်ငန်းမှ စိုက်ပျိုးရေပေးဝေလျက် ရှိသည်။ မြစ်ရေတင်လုပ်ငန်းများဖြင့် စိုက်ပျိုးရေ နှစ်စဉ်ပေးဝေရာတွင် အသုံးပြုသည့် လျှပ်စစ် ဓာတ်အားယူနစ်နှင့် လျှပ်စစ်ဓာတ်အားခ ကုန်ကျ စရိတ်ကို လျှော့ချနိုင်ရန် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖြစ်သည့် နေရောင်ခြည်မှရရှိသည့် ဆိုလာဓာတ်အားသုံးစနစ်ကို အသုံးပြု၍ ယခုနှစ် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရ အဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ၁၆၈ ကီလိုဝပ် တွဲဖက်တပ်ဆင်ထားသည့် ဆိုလာရေတင်လုပ်ငန်း သစ်တစ်ခုအဖြစ် တိုးတက်ဆောင်ရွက်ပေးနိုင်ခဲ့ ခြင်းဖြစ်သည်။

"ကျွန်တော်တို့ တိုင်းဒေသကြီးက စိုက်ပျိုးရေး ကိုအဓိကထားလုပ်ကိုင်တဲ့တောင်သူတွေများတယ်။ တောင်သူတွေက ဆီထွက်သီးနှံကို အဓိကထား စိုက်တဲ့အတွက် မြန်မာနိုင်ငံရဲ့ ဆီအိုးကြီးလို့တောင် တင်စားကြတယ်။ နိုင်ငံတော်အကြီးအကဲ နိုင်ငံတော်



ဧရာဝတီမြစ်မှရေကို ရေတင်စက်များဖြင့် ရေတင်ပေးနေသည့် မြင်ကွန်းရေတင်မှ ပွန်တွန်း ဆောင်ရွက်ထားသည်ကို တွေ့ရစဉ်။

ဝန်ကြီးချုပ်ကိုယ်တိုင်ကလည်း စိုက်ပျိုးရေးမှာ ထိပ်တန်းတိုင်းဒေသကြီးဖြစ်အောင်၊ စိုက်ပျိုးရေး နဲ့ ဒေသတောင်သူ လူမှုစီးပွားတိုးတက်အောင် စီမံ ဆောင်ရွက်ဖို့ လမ်းညွှန်မှာကြားတာရှိပါတယ်။ ဒါကြောင့် တောင်သူတွေ စိုက်ပျိုးရေးကို ဆပွားလုပ်နိုင်ဖို့ စိုက်ပျိုးရေရရှိရေး နည်းလမ်းအမျိုးမျိုးကို ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ အကောင်အထည် ဖော်ရပါတယ်။ ရေတင်စနစ်ကတော့ တည်ရှိနေတဲ့ ရေအရင်းအမြစ်ကို အသုံးချတဲ့နည်းလမ်းတစ်ခုပါ။ အသုံးချရာမှာလည်း လျှပ်စစ်ဓာတ်အားခ လျော့ကျ အောင် ဆိုလာစနစ်တွေနဲ့ ပြောင်းလဲအသုံးပြုပါ တယ်။ ရေတင်လုပ်ငန်း ၃၂ ခုကနေ နွေ/မိုး သီးနှံဧကပေါင်း ၅၃၇၅၇ ဧကကို စိုက်ပျိုးရေ ပေးဝေလျက်ရှိပါတယ်"ဟု မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က ပြောကြားသည်။

တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေရရှိရေး အတွက် လက်ရှိတွင် ရေတင်လုပ်ငန်း ၃၂ ခုကို ဆောင်ရွက်ထားရှိပြီးဖြစ်သည်။ ဆောင်ရွက်ပြီးစီး သည့် ရေတင်လုပ်ငန်းများတွင် မြင်ကွန်းဆိုလာ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းကဲ့သို့ ဆိုလာစနစ်ဖြင့် ဆောင်ရွက်သည့် ရေတင်လုပ်ငန်း ၁၂ ခု ပါဝင်ကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

"ကျွန်တော်တို့ ဒေသမှာ အခု မြင်ကွန်းမြစ်ရေ တင်ကြောင့် စိုက်ပျိုးရေရရှိလာတော့ တောင်သူတွေ က အမြင်ကျယ်လာတယ်။ ယာထက် လယ်လုပ်ပြီး တစ်နှစ်ပတ်လုံး တစ်သီးပြီးတစ်သီး စိုက်ပျိုးချင်



မြင်ကွန်းရေတင်တွင် (168)kW ဆိုလာစနစ်တပ်ဆင်ထားရှိသည်ကို တွေ့ရစဉ်။

ကြတယ်။ လယ်လုပ်တဲ့သူကလည်း စပါး၊ နှမ်း၊ မြေပဲ ပန်းတိုင်အထွက်နှုန်းအတိုင်း ရရှိကြတယ်။ ဒါကြောင့် မြင်ကွန်းမြစ်ရေတင်ကနေ ရေပေးနိုင်တဲ့ ဧရိယာမှာရှိနေတဲ့ တောင်သူတိုင်းက ယာကနေ လယ်အဖြစ်ပြောင်းပြီး စိုက်ပျိုးရေးအတွက် အားထည့်လာကြတယ်။ မျိုး၊ မြေ၊ ရေ နည်း ဟန်ချက်ညီအောင် အစိုးရအနေနဲ့ ကြိုးပမ်း လယ်လုပ်မခက်၊ လယ်တည်ခက်ဆိုသလို ယာမြေ ကနေ လယ်မြေဖြစ်အောင်ကို ညီညာအောင် ပြုပြင် ရတာ ကုန်ကျစရိတ်များပါတယ်"ဟု မကွေးတိုင်း ဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲ ရေးဦးစီးဌာန (ရေအရင်းအမြစ်) မှ ဒုတိယညွှန်ကြား ရေးမှူး ဦးမြင့်ဦးက ရှင်းပြသည်။

မြင်ကွန်းလျှပ်စစ် မြစ်ရေတင်လုပ်ငန်းကို မြင်ကွန်းဆိုလာလျှပ်စစ်မြစ်ရေတင်လုပ်ငန်းအဖြစ် ကူးပြောင်းရာတွင် ဆိုလာစနစ်များ တပ်ဆင်ရန် မြေနေရာအခက်အခဲရှိသည့်အတွက် ရေပေးမြောင်း ပေါ်တွင် Canal Top System အဖြစ် တပ်ဆင်ခဲ့ရ သည်။ ထိုသို့ တပ်ဆင်ခြင်းအားဖြင့် ဆိုလာစနစ် အတွက် အပူချိန်လျှော့ချနိုင်ခြင်း၊ စိုက်ပျိုးမြေဆုံးရှုံး မှုမဖြစ်ပေါ်စေခြင်း စသည့်အကျိုးရလဒ်ရှိသည့် နည်းပညာပိုင်းဆိုင်ရာ ဖော်ဆောင်နိုင်ခဲ့သည့် ထူးခြားသော ဆိုလာတပ်ဆင်ရေတင်တစ်ခုဖြစ် ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ သိရသည်။

"သဲဆန်တဲ့ ယာမြေက ၅၀၀ ကို လယ်မြေ ဖြစ်အောင် ဧရာဝတီမြစ်ရေကို အမြင့်ပေ ၈၂ ပေ အထိ ရေတင်စက်တွေနဲ့ တွန်းတင်ပြီး ရေပေးမြောင်း တွေနဲ့ စနစ်တကျ ဖြန့်ဝေပေးရပါတယ်။ တင်ပေး လိုက်တဲ့ရေတွေထဲမှာ မြေဆီညြဖောကောင်းမွန်တဲ့ နုန်းအနယ်အနှစ်တွေ ပါဝင်လာပါတယ်။ ပါဝင်လာတဲ့ နုန်းအနယ်အနှစ်တွေနဲ့ ယာမြေတွေဟာ အရင်က တစ်နှစ် နှစ်သီးသာ စိုက်ပျိုးနိုင်ပေမယ့် အခုတစ်နှစ်

"ရေတင်စီမံကိန်းများကြောင့် တောင်သူများအနေဖြင့် တစ်နှစ်သုံးသီး စိုက်ပျိုးလာနိုင်ခြင်းသည် နိုင်ငံတော်က ဖော်ဆောင်နေသည့် သီးနှံစိုက် စွမ်းအား မြင့်မားရေးအတွက် သီးထပ်သီးညှပ် တိုးချဲ့စိုက်ပျိုးရေး၊ သီးနှံ ထုတ်လုပ်မှုမြင့်မားရေးအတွက် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ပြည်တွင်း စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင် ပြီး ဒေသတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်း ဆောင်ရွက်ရေး စသည့် ရည်မှန်းချက်များကို နည်းလမ်းတစ်ခုဖြင့် ပါဝင် ဖော်ဆောင်နေခြင်းဖြစ်"

ဖြည့်ဆည်းပေးနေတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဆက်ပြီးတော့ တောင်သူတွေကို ရွှေခေတ်ရောက် အောင် ကူညီပေးစေချင်ပါတယ်"ဟု မြင်ကွန်း ကျေးရွာမှ တောင်သူ ဦးကိုကိုမောင်က ဆိုသည်။

စိုက်ပျိုးဧက ၁၇၅ ဧကတွင် ဆီထွက်သီးနှံနှင့် အခြားသီးနှံများ စိုက်ပျိုး

လက်ရှိတွင် မြင်ကွန်းဆိုလာလျှပ်စစ်မြစ်ရေ တင်လုပ်ငန်းမှ စိုက်ပျိုးရေပေးဝေသည့် ဧရိယာ ဧက ၅၀၀ တွင် စပါးစိုက်ဧက ၃၂၅ ဧကရှိပြီး ကျန်စိုက်ပျိုးဧက ၁၇၅ ဧကတွင် ဆီထွက်သီးနှံနှင့် အခြားသီးနှံများကို စိုက်ပျိုးလျက်ရှိသည်။

"မြင်ကွန်းရေတင်ကနေ စိုက်ပျိုးရေပေးဝေ နေတဲ့ ဧက ၅၀၀ ဟာ မူလမြေမျိုးကြီးအရ မြေနီ သဲဝန်း ယာမြေအမျိုးအစားတွေသာ ဖြစ်ပါတယ်။ အခုဆိုရင် ဒီယာမြေ ဧက ၅၀၀ ကနေ လယ်မြေ အဖြစ် ပြောင်းလဲပြီး စပါးစိုက်ပျိုးလာတာဟာ ၃၂၅ ဧက အထိရှိလာပြီး ၁၂၅ ဧကသာ ယာမြေအဖြစ် ကျန်ရှိပြီး ဆီထွက်သီးနှံတွေဖြစ်တဲ့ မြေပဲ၊ နှမ်း တွေကို စိုက်ပျိုးကြပါတယ်။ ဧက ၅၀၀ အားလုံး ယာမြေကနေ လယ်မြေအဖြစ် တစ်ချိန်တည်း တစ်ပြိုင်နက်တည်း ပြောင်းလဲဖို့က ခက်ပါတယ်။ အချိန်ယူပြီးလုပ်ရမှာပါ။ တောင်သူတွေအတွက် သုံးသီးစိုက်ပျိုးလာနိုင်တဲ့ လယ်မြေတွေဖြစ်လာပါပြီ။ အခုနှစ်မှာ ဆိုလာစနစ် တွဲဖက်တပ်ဆင်ပြီးလို့ မိုးစပါးအပြီး ဆောင်းသီးနှံအဖြစ် မတ်ပဲ၊ နေကြာ စိုက်ပျိုးနေကြတဲ့အချိန်မှာ ရေလိုအပ်မှုနည်းပါ တယ်။ ဒီအချိန်မှာ ဆိုလာကထွက်နေတဲ့ ဓာတ်အား ကိုအလဟဿမဖြစ်အောင်ရေသောက်ဧရိယာထဲမှာ ရှိတဲ့ မြေသားရေလှောင်ကန် လေးကန်ကို ရေအမြဲမပြတ် အပြည့်ဖြည့်ထားနိုင်လာမှာပါ။ ဒီလို ရေဖြည့်ရေလှောင်ထားခြင်းအားဖြင့် စိုက်ပျိုးရေ၊ ကျွဲ/နွားတိရစ္ဆာန် သောက်ရေ၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနဲ့ မြေအောက်ရေပြန်လည် ဖြည့်တင်းခြင်းကို အများကြီး အထောက်အကူဖြစ်စေ ပါတယ်"ဟု ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဦးက ရှင်းပြသည်။

မြင်ကွန်းဆိုလာလျှပ်စစ်ရေတင်လုပ်ငန်းသည် ဧရာဝတီမြစ်မှရေကို ၅၅ ကီလိုဝပ် မော်တာဖြင့် တွဲဖက်မောင်းနှင်သည့် ၅ ကျူဆက်ရေတင်ပန့်၊ ခြောက်စုံ တပ်ဆင်မောင်းနှင်ပြီး ပင်မရေပေးမြောင်း အလျား ၁ ဒသမ ၆၃ မိုင်၊ လက်တန်မြောင်း သုံးခု အလျားမိုင် စုစုပေါင်း ၃ ဒသမ ၄၁ မိုင်ဖြင့် ရေဖြန့်ဖြူးပေးဝေနေသည့် ရေတင်စီမံကိန်းတစ်ခု ဖြစ်သည်။

စာမျက်နှာ ၁၉ သို့ ◆

သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၂၉

မြန်မာနိုင်ငံစာရေးဆရာအသင်းက ၁၃၈၆ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ် (၃၇)ကြိမ်မြောက် သက်ကြီးစာပေ ပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် စေတနာရှင်များက အလှူငွေများ လှူဒါန်းလျက်ရှိကြသည်။

ထိုသို့လှူဒါန်းကြရာ ဆရာတော်ဘဒ္ဒန္တရေဝတ (အရှင်ရေဝတ-ရွှေကွမ်းသား)က အလှူငွေကျပ်ဆယ်သိန်း၊ ဘဒ္ဒန္တကေလာသ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ပဏ္ဍိတာရာမကျောင်းတိုက်က ငွေကျပ်သုံးသိန်း၊ အောင်မြေသာစံမြို့နယ် စာရေးဆရာအသင်းက ငွေကျပ် ၂၈၀၀၀၀၊ အဂ္ဂမဟာမင်္ဂလမဓု ဇောတိကဓဇ ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်)-စာရေးဆရာမ(မလေးယဉ်) မိသားစုနှင့် အင်းစိန်မြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်တစ်သိန်းစီ၊ လှိုင်မြို့နယ် စာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ ကြယ်နီလေး(ဥပဒေ)၊ ကျောက်တံတား မြို့နယ်စာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်(မောင်မောင်-စင်ထရယ်)၊ သံဖြူဇရပ်မြို့နယ်စာရေးဆရာအသင်းနှင့် ပုဗ္ဗသီရိမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်ငါးသောင်းစီ၊ ဒေါ်သန္တာလှိုင်(နှင်းစက်-လားရှိုး)က ငွေကျပ် ၁၅၀၀၀ ပေးအပ်လှူဒါန်းကြသည်။

ထို့ပြင် ဆရာတော်ဘဒ္ဒန္တရေဝတ(အရှင်ရေဝတ-ရွှေကွမ်းသား)က အသင်းမဂ္ဂဇင်းထုတ်ဝေရန်အတွက် ငွေကျပ်ဆယ်သိန်း ထပ်မံလှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမျိုးထွန်း(မောင်စိမ်းနောင်-လယ်ဝေး)နှင့် ဦးမြတ်စိုး(မြတ်စိုး-လှိုင်)၊ အတွင်းရေးမှူး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း အမှတ်(၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း(အလယ်)



ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

တောင်တွင်းကြီးမြို့နယ်၌ မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သခ်ၤာစွမ်းရည်ပြိုင်ပွဲ ကျင်းပ



တောင်တွင်းကြီး အောက်တိုဘာ ၂၉

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပညာရေးဦးစီးဌာနက ဦးစီး၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် အင်္ဂလိပ်စာစွမ်းရည်နှင့် သခ်ၤာစွမ်းရည်ပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲတွင် Grade -5 မှ Grade -9 အထိ ကျောင်းသား ကျောင်းသူ ၁၅၂ ဦးနှင့် သခ်ၤာစွမ်းရည်ပြိုင်ပွဲတွင် ၂၂၃ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြကြောင်း သိရသည်။

နောင်နောင်(ဗိသနိုးမြေ)

ကံမမြို့နယ်၌ အင်္ဂလိပ်စာနှင့် သခ်ၤာစွမ်းရည်ပြိုင်ပွဲ ကျင်းပ



ကံမ အောက်တိုဘာ ၂၉

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းပေါင်းစုံ မြို့နယ်အဆင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲနှင့် သခ်ၤာစွမ်းရည်ပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း(ကံမ)၌ ကျင်းပသည်။

အဆိုပါ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၇၀ နှင့် သခ်ၤာစွမ်းရည်ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၉၅ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၆၅ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြကြောင်း သိရသည်။

ကျော်ဇေယျဝင်း(ကံမ)



ခန္တီးမြို့၌ အင်္ဂလိပ်စာနှင့် သခ်ၤာဘာသာရပ် စွမ်းရည်ပြိုင်ပွဲ စာမေးပွဲဖြေဆို

ခန္တီး အောက်တိုဘာ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၌ မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သခ်ၤာစွမ်းရည်ပြိုင်ပွဲ အရည်အချင်းစစ်စာမေးပွဲကို အခြေခံပညာအထက်တန်းကျောင်း(ခန္တီး)၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ အင်္ဂလိပ်စာနှင့် သခ်ၤာစွမ်းရည်ပြိုင်ပွဲကို ခန္တီးမြို့ပေါ်/ရပ်ကွက်နှင့်ကျေးရွာများရှိ အခြေခံပညာကျောင်းပေါင်း ၁၁ ကျောင်းမှ မူလတန်းအဆင့် ၃၃ ဦး၊ အလယ်တန်းအဆင့် ၆၂ ဦး စုစုပေါင်း ၉၅ ဦး ဝင်ရောက်ဖြေဆိုကာ ထူးချွန်ကျောင်းသား ကျောင်းသူ အင်္ဂလိပ်ဘာသာရပ် ၁၀ ဦး၊ သခ်ၤာဘာသာရပ် ၁၀ ဦး စုစုပေါင်း ၂၀ ရွေးချယ်သွားမည်ဖြစ်သည်။

ခရိုင်(ပြန်/ဆက်)

◆ စာမျက်နှာ ၁၈ မှ

မကွေးတိုင်းဒေသကြီးအတွင်း နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ ရေသွင်းစိုက်ဧကများ တိုးတက်ရရှိစေရေးအတွက် ၂၀၂၁ ခုနှစ်မှ ယခုနှစ်ကာလအထိ ဧရာဝတီ ဆိုလာမြစ်ရေတင်စီမံကိန်းအသစ် နှစ်ခု အကျိုးပြုဧက ၅၃၀၊ ဆိုလာချောင်း ရေတင်စီမံကိန်းအသစ် နှစ်ခု အကျိုးပြုဧက ၉၆၄ ဧက စုစုပေါင်း ဆိုလာရေတင်စီမံကိန်းအသစ် လေးခု စုစုပေါင်း အကျိုးပြုဧက ၁၄၉၄ ဧကကို ဆောင်ရွက်နိုင်ခဲ့ပြီး နွေ၊ မိုး၊ ဆောင်း တစ်နှစ်သုံးသီး စိုက်ပျိုးရေးပေးဝေလျက်ရှိသည်။

ဧက ၇၀၀ ကို စိုက်ပျိုးရေးပေးဝေနိုင်မည့် ဧရာဝတီဆိုလာမြစ်ရေတင်စီမံကိန်းသစ်တစ်ခု

ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင်လည်း အကျိုးပြုဧက ၇၀၀ ကို စိုက်ပျိုးရေးပေးဝေနိုင်မည့် ဧရာဝတီဆိုလာမြစ်ရေတင်စီမံကိန်းသစ် တစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧရာဝတီမြစ်တွင် လုပ်ငန်း ၂၅ ခုမှ အကျိုးပြုဧက ၅၀၆၀၀၊ ချင်းတွင်းမြစ်တွင် လုပ်ငန်း သုံးခုမှ အကျိုးပြုဧက ၁၃၃၀၀၊ မန်းချောင်းတွင် ရေတင်တစ်ခုမှ အကျိုးပြုဧက ၂၅၀၊ ယင်းချောင်းတွင် လုပ်ငန်းနှစ်ခုမှ အကျိုးပြုဧက ၄၀၀၊ ရန်ပယ်ချောင်းတွင် ရေတင်နှစ်ခုမှ အကျိုးပြုဧက ၆၅၀၊ ကြီးနီးချောင်းတွင် လုပ်ငန်းတစ်ခုမှ အကျိုးပြုဧက ၃၀၀၊ ဗွက်ကြီးချောင်းတွင် လုပ်ငန်းတစ်ခုမှ



မြင်ကွန်းရေတင်မှ ဆိုလာစနစ်ဖြင့် မိုးစပါးစိုက်ပျိုးရေပေးဝေနေသည်ကို တွေ့ရစဉ်။

အကျိုးပြုဧက ၂၅၀၊ မြောင်းမုန်းမြောင်းတွင် ရေတင်နှစ်ခုမှ အကျိုးပြုဧက ၅၇၀ ရှိသည့် ရေရရှိရေးလုပ်ငန်းသစ်များကိုလည်း အသေးစိတ်ထပ်မံစူးစမ်းလေ့လာမှုများ ဆောင်ရွက်လျက်ရှိကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

ထို့အတူ ရေသောက်ဧရိယာအတွင်းရှိ ကုန်းမြင့်စိုက်ပျိုးဧရိယာများအတွက် ရေပေးမြောင်းအတွင်းမှ ရေကို Mobile Solar များဖြင့် ရေစုပ်တင်ပြီး စိုက်ပျိုးရေပေးဝေနိုင်ရန်၊ ပတ်လည်ရေဖျန်းစနစ်၊ ရေမှုန်ရေဖျန်းစနစ်များဖြင့် ရေသုံးစွဲနိုင်ရန် စသည့် ရေအသုံးချမှုနည်းလမ်းများကို တိုင်းဒေသကြီး၏ စိုက်ပျိုးဧရိယာများနှင့် ကိုက်ညီမှု ရှိ၊ မရှိ လေ့လာဆန်းစစ်မှုများ ပြုလုပ်လျက်ရှိကြောင်း တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ သိရသည်။

“ဒီလို ရေတင်တွေ တောင်သူတွေအတွက် အများကြီးလိုအပ်ပါတယ်။ ရေတင်မှ မဟုတ်ပါဘူး၊ ကျွန်တော်တို့ဒေသလို မိုးနည်းဒေသအတွက် စိုက်ပျိုးရေရရှိဖို့ နည်းလမ်းအားလုံးကို နိုင်ငံတော်အစိုးရအနေနဲ့ ဖော်ဆောင်ပေးပါလို့ ပြောချင်ပါတယ်။ ဒါမှလည်း တောင်သူဝမ်းရေးလုမှာပါ”ဟု မြင်ကွန်းကျေးရွာမှ တောင်သူ ဦးတင်အောင်မိုးက ပြောသည်။

ရေတင်စီမံကိန်းများကြောင့် တောင်သူများအနေဖြင့် တစ်နှစ်သုံးသီး စိုက်ပျိုးလာနိုင်ခြင်းသည် နိုင်ငံတော်က ဖော်ဆောင်နေသည့် သီးနှံစိုက်စွမ်းအားမြင့်မားရေးအတွက် သီးထပ်သီးညှပ်တိုးချဲ့စိုက်ပျိုးရေး၊ သီးနှံထုတ်လုပ်မှုမြင့်မားရေးအတွက် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ဒေသတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေးစသည့် ရည်မှန်းချက်များကို နည်းလမ်းတစ်ခုဖြင့် ပါဝင်ဖော်ဆောင်နေခြင်းဖြစ်သည်။

တောင်သူများအတွက် သမားရိုးကျစိုက်ပျိုးခြင်း နည်းလမ်းများနှင့် စိုက်ပျိုးရေအသုံးချမှု နည်းလမ်းများကို အသုံးပြုနေ၍မရဘဲ ခေတ်မီစိုက်ပျိုးနည်းစနစ်များ၊ ရေပေးဝေရေးစနစ်များဖြင့် စိုက်ပျိုးရေးကဏ္ဍကို မြှင့်တင်ဖော်ဆောင်လျက်ရှိရာ မြင်ကွန်းဆိုလာလျှပ်စစ် မြစ်ရေတင်လုပ်ငန်းသည် တောင်သူများကို အကျိုးပြုနေသည့် ရေတင်လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

❂ ကျောဖုံးမှ

အသခ်ီယာကျောင်း (ခေါ်) ပထမတိုက် အုတ်ကျောင်းသည် မကွေးတိုင်းဒေသကြီး စကုမြို့ မင်းဘူး-စကု ကားလမ်းဘေးရှိ သုံးထပ်ရုပ်စုံကျောင်းဝင်းအတွင်းတည်ရှိပြီး အသခ်ီယာမြို့စားမင်းက ဆောက်လုပ်လျှဒါန်းခဲ့သောကြောင့် အသခ်ီယာကျောင်းဟူ၍လည်းကောင်း၊ ပထမကျော်ဆရာတော် သီတင်းသုံးတော်မူခဲ့သောကြောင့် ပထမတိုက် အုတ်ကျောင်းဟူ၍လည်းကောင်း ခေါ်ကြသည်။

အဆိုပါအုတ်ကျောင်းကြီးသည် အလျား ၇၇ ပေခွဲ၊ အနံ ၅၅ ပေနှင့် အမြင့် ၆ ပေ ၈ လက်မရှိ၍ အတွင်းဘက် လိုဏ်ခေါင်းပတ်လမ်းအကျယ် ၃ ပေ ၈ လက်မ ရှိသည်။

ယခုအခါကျောင်းကြီးအား ရှေးဟောင်းသုတေသနဌာနကထိန်းသိမ်းစောင့်ရှောက်ထားသည်။ စကုမြို့ အသခ်ီယာကျောင်း၏ အင်္ဂတေဖြင့် ပြုလုပ်ထားသော ခြူးပန်း၊ ခြူးနွယ်၊ ခြူးခက်များမှာ ထူးကဲစွာ လက်ရာပြောင်မြောက်လှသောကြောင့် အခြားအထင်ကရ နေရာများဖြစ်သော ထေရ်ကြီးစေတီ၊ ဘိုးနန်းသူစေတီ၊ မှန်ကင်းရုပ်စုံကျောင်း၊ သုံးထပ်ရုပ်စုံကျောင်း၊ ကန်ဦးဘုန်းတော်ကြီးကျောင်းများနည်းတူ ပြည်တွင်း၊ ပြည်ပမှ ခရီးသွားဧည့်သည်များ လေ့လာလည်ပတ်စရာ နေရာတစ်ခုအဖြစ် တည်ရှိနေကြောင်း သိရသည်။

ဇေယျာထက်(မင်းဘူး)





ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများ၏လေ့ကျင့်နေမှုများ ကြည့်ရှုအားပေး

ရန်ကုန် အောက်တိုဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်တာဝန်ရှိသူများသည် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများ၏ အားကစားနည်းအလိုက် စခန်းသွင်းလေ့ကျင့်နေမှုများကို ယနေ့ညနေပိုင်းက ကြည့်ရှုအားပေးကြသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အကြို ရန်ကုန်တိုင်းဒေသကြီး အားကစားပွဲတော်ကို အားကစားနည်း ၂၄ နည်းဖြင့် ၁၄ ခရိုင်မှ အားကစားသမား၊ အုပ်ချုပ်/နည်းပြ ၃၀၀၆ ဦးဖြင့် စက်တင်ဘာ ၁၄ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့ပြီး ထူးချွန်သူများကို စီစစ်ရွေးချယ်၍ စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က ဒဂုံမြို့နယ်ရှိ YRG အားကစားခန်းမတွင် ဘောလုံးအမျိုးသားအသင်း၊ ဖူဆယ်အမျိုးသား/အမျိုးသမီးအသင်း၊ ပိုက်ကျော်ခြင်း အမျိုးသား/အမျိုးသမီးအသင်းတို့၏ လေ့ကျင့်နေမှုများကို သွားရောက်ကြည့်ရှုအားပေးကြသည်။

ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် နေပြည်တော်၌ ကျင်းပမည့် အားကစားပွဲတော်တွင် မြန်မာ့သိုင်း၊ ဗိုဗီနမ်၊ ကရာတေး၊ ဂျူဒို၊ ဘိလိယက်နှင့်စနူကာ၊ ကာယဗလနှင့် ကာယကြံ့ခိုင်မှု၊ စားပွဲတင်တင်းနစ်၊ လက်ဝှေ့၊ အလေးမ၊ ဘောလုံးအမျိုးသား/အမျိုးသမီး၊ ပိုက်ကျော်ခြင်း အမျိုးသား /အမျိုးသမီး၊ ဖူဆယ်၊ ရေကူး၊ ဝူဏူး၊ ကြက်တောင်၊ ရိုးရာခြင်းလုံး၊ ခရစ်ကက်၊ မသန်စွမ်း၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ ဘတ်စကက်ဘော၊ ဂေါက်သီး စသည့် အားကစားနည်း ၂၄ နည်းကို ၁၄ ခရိုင်မှ အားကစားသမား ၄၆၇ ဦး၊ အုပ်ချုပ် / နည်းပြ ၁၂၆ ဦးဖြင့် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆန်းကျော်ဦး(ပြန်/ဆက်)

15th Singha Thailand Junior World Golf Championships 2024 **ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာလူငယ် ဂေါက်သီးရိုက်အားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည်**

ရန်ကုန် အောက်တိုဘာ ၂၉

အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပမည့် 15th Singha Thailand Junior World Golf Championships 2024 ဂေါက်သီးရိုက်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာလူငယ်ဂေါက်သီးရိုက်အားကစားအဖွဲ့သည် အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ ထွက်ခွာသွားရာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြိုင်ပွဲဝင် မြန်မာဂေါက်သီးရိုက်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးကျော်မင်းမင်းလတ် (အမှုဆောင်၊ မျိုးဆက်သစ်လူငယ်ဂေါက်သီးကစားသမားများဆပ်ကော်မတီ)၊ အားကစားသမားများအဖြစ် Junior Golf Myanmar (JGM) မှ ကောင်းထက်၊ ခန့်ဘုန်းလျန်၊ အာကာမျိုးသန့်၊ Locadio Ki ကျော်နေစိုး၊ လုံမျိုးစံ၊ ကျော်သံလွင်ဟိန်း၊ နိုင်ဦးကို၊ Choi Hwan၊ အောင်သန်းထွဋ်၊ ချိုသာအောင်၊ နန်းဆိုင်အွမ်ငင်းတို့လိုက်ပါသွားပြီး သက်တမ်းအလိုက် ပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာလူငယ်ဂေါက်သီးရိုက်အဖွဲ့သည် အမျိုးသား အသက် ၁၅-၁၈ နှစ်အတန်းတွင် ကောင်းထက်၊ အာကာမျိုးသန့်၊ Locadio Ki ကျော်နေစိုး၊ ခန့်ဘုန်းလျန်၊ အမျိုးသား အသက် ၁၃-၁၄ နှစ် အတန်းတွင် Choi Hwan၊ အောင်သန်းထွဋ်၊ အမျိုးသမီးအသက် ၁၃-၁၄ နှစ်အတန်းတွင် ချိုသာအောင်နှင့် နန်းဆိုင်အွမ်ငင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံဂေါက်သီး အားကစားအဖွဲ့ချုပ်သည် ကစားသမားများ ပြိုင်ပွဲအတွေ့အကြုံရရှိစေရန် နိုင်ငံတကာပြိုင်ပွဲများသို့ စေလွှတ်ယှဉ်ပြိုင်စေလျက်သည်။

ကိုညီလေး

တာမွေမြို့နယ်၌ စာဖတ်ရှုနိုင်မြှင့်တင်ရေးလှုပ်ရှားမှု စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စာဖတ်ရှုနိုင်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် စာဖတ်စွမ်းရည်ပြိုင်ပွဲကို ယမန်နေ့မွန်းလွဲပိုင်းက တာမွေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားတွင် တာမွေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိုမိုအောင်က ပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တာမွေမြို့နယ်ရှိ အမှတ်(၂၆) အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းတာဝန်ခံဆရာမ ဒေါ်စန်းစန်းဌေးက ပြိုင်ပွဲနှင့်ပတ်သက်သည့် အမှတ်ပေး စည်းမျဉ်းများကို အသေးစိတ်ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြိုင်ပွဲတွင် ထူးချွန်ဆု ရရှိကြသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ယင်းနောက် ထူးချွန်ဆုရရှိသူများကိုယ်စား ဆုရရှိသူ ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ကျောင်းသား ကျောင်းသူများက ခန်းမအတွင်း ပြသထားသော အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ/ရည စာအုပ်စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

နိုင်လင်းအောင်(ပြန်/ဆက်)

❍ မန်စီးတီးမှ

ကွင်းလယ်ကစားသမား ရိဒရီဟာ ဇူလိုင်လအတွင်းက စပိန်အသင်းကို ယူရို ၂၀၂၄ ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ရေး အကူအညီပေးခဲ့သူဖြစ်တဲ့ အပြင် မန်စီးတီးအသင်းအတွက်လည်း ပရီမီယာလိဂ်ဖလား၊ ယူအီးအက်ဖ်အေစူပါဖလားနဲ့ ကမ္ဘာ့ကလပ်အသင်းများဖလားတို့ကို ရယူပေးနိုင်ခဲ့သူဖြစ်ပါတယ်။

ရိဒရီဟာ ယခုပေးအပ်ချီးမြှင့်တဲ့ ဘလွန်းဒီအောဆုကို ရီးယဲလ်မက်ဒရစ်အသင်းမှ ဘရာဇီးတောင်ပံကစားသမား ဗီနီစီးယပ် ဂျူနီယာကို ကျော်ဖြတ်ကာ ရရှိခဲ့တာဖြစ်ပြီး မန်စီးတီးအသင်းရဲ့ သမိုင်းတစ်လျှောက် ပထမဆုံး ဘလွန်းဒီအောဆုရရှိခဲ့တဲ့ ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။

အမျိုးသမီး ဘလွန်းဒီအောဆုကိုတော့ ဘာစီလိုနာအသင်းမှ စပိန်အသင်း ကွင်းလယ်ကစားသမား ဘွန်မာတီက ရရှိခဲ့တာဖြစ်ပါတယ်။ ၂၀၂၄ ခုနှစ် ဘလွန်းဒီအောဆုပေးပွဲတွင် အမျိုးသား ဘောလုံးအသင်း အကောင်းဆုံးနည်းပြဆုကို ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ အန်စလော့တီက ရရှိခဲ့ပြီး အမျိုးသမီးဘောလုံးအသင်း အကောင်းဆုံးနည်းပြဆုကို ချယ်လ်ဆီး အမျိုးသမီးအသင်းနည်းပြ အမ်မာဟာယက်က ရရှိခဲ့တာဖြစ်ပါတယ်။

ငွေကြယ်

❖ MNL ယူ-၂၀ မှ

ရှမ်းယူနိုက်တက်အသင်းအတွက် ဂိုးများကို ၁၄ မိနစ်တွင် မျိုးမင်းခန့်၊ ၄၈ မိနစ်တွင် ဟန်ထွန်းဇော်တို့က သွင်းယူပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို မိနစ် ၄၀ တွင် ကောင်းခန့်ကျော်က သွင်းယူခဲ့သည်။ ရတနာပုံအသင်းသည် သစ္စာအားမာန်အသင်းကို နောက်ကျဂိုးဖြင့် အနိုင်ယူပြီး အမှတ်ပြည့်ရရှိခဲ့သည်။ ရတနာပုံအသင်းအတွက် အနိုင်ဂိုးကို ၇၉ မိနစ်တွင် ရဲရင့်အောင်က သွင်းယူခဲ့သည်။

ပွဲစဉ် (၂၁) နောက်ဆုံးနေ့ကို နိုဝင်ဘာ ၃ ရက်တွင် တောင်ဒဂုံကွင်း၌ ကျင်းပမည်ဖြစ်ပြီး Junior Lions အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ကိုညီလေး

■

စိတ်ကို ဆေးကုနည်း

ပီမိုးနင်း

(၂၃-၁၀-၂၀၂၄ ရက်နေ့မှအဆက်)

နေ့အချိန်၌ အလုပ်ကိုလုပ်သောသူတို့သည် အလုပ်ခန်းတံခါးကို ပိတ်သည်နှင့်တစ်ပြိုင်နက် မိမိ၏ဦးနှောက်၌ရှိသော အလုပ်ရုံတံခါးကို ပိတ်ကြရာ၏။ အလုပ်တိုက်မှ ထွက်၍လာသောအခါ စိတ်ကို တစ်ခါတည်းပြောင်းပြီး အဝတ်ကိုလဲသလို လဲကြရလေသည်။ အလုပ်ကို မေ့လျော့ဖျောက်ဖျက်ပြီး မိမိ၏စိတ်ထဲကို သားထဲ သမီးထဲသို့လည်းကောင်း၊ အပြစ်ကင်းသော အပျော်အရွှင်များထဲသို့လည်းကောင်း ပြောင်းလဲသွတ်သွင်းရာ၏။ ပျော်စရာဝတ္ထုစာအုပ်များကို လည်းကောင်း၊ ရယ်ရွှင်ဖွယ်ရာစာအုပ်များကို လည်းကောင်း၊ အပျော်နှင့် အသိအလိမ္မာ ရောရှိထားသော စာအုပ်များကို လည်းကောင်း ဖတ်ကြရလေသည်။ ဤလောကသည် အပျော်မရှိလျှင် မပြီးသောလောကကြီးဖြစ်၏။ မြတ်စွာဘုရားသော်မှ ပျော်စရာဇာတ်တော်များနှင့် ဆုံးမတော်မူခဲ့ရလေသည်။

နက်နဲသော စာပေကျမ်းဂန်ကို အမြဲကြံသောသူတို့သည်လည်း အမြဲနက်နဲစွာ တွေးတောရှာသာမနေအပ်။ အဘိဓမ္မာကို ဖတ်သောသူသည် အပျော်အရွှင်ဝတ္ထုကို တစ်ခါတစ်ခါ ဖတ်ရင်းဖြင့် စိတ်၏ အညောင်းကို ဖြေရလေသည်။ မြတ်စွာဘုရားသည် အဘိဓမ္မာကိုသာ ထားခဲ့သည်မဟုတ်။ ဇာတ်တော်များကိုလည်း ထားခဲ့လေသည်။ အမြဲနက်နဲသော စာတို့ကိုသာ ကြံရွယ်နေခြင်းသည် ဦးနှောက်ကို ပျက်စေနိုင်သည်ဟု ပညာရှိတို့ ပြောကြလေသည်။

လမ်းလျှောက်ခြင်း၊ လည်ပတ်ခြင်း၊ သန့်ရှင်းစင်ကြယ်သောလေကို အပြင်သို့ထွက်၍ ရှူရှိုက်လေ့ရှိခြင်း၊ အားလပ်သည့်အခါ စူး၊ ဆောက်၊ ကိရိယာတို့ဖြင့် လက်သမားအလုပ်၊ စက်အလုပ်စသည် ရသေ့စိတ်ဖြေအလုပ်တစ်မျိုးမျိုးကို လုပ်ခြင်း သို့မဟုတ် ရဟန်းမဟုတ်သော လူပုဂ္ဂိုလ်များမှာ ကခုန်၊ တေးဆိုကစားခြင်းများကို ပြုနိုင်ကြရလေသည်။ ထိုအခါ မကောင်းသောစိတ်တို့သည် ဝင်ခွင့်မရ။ ဤကဲ့သို့သော သာယာသောစိတ်ခြံကြီးထဲသို့မကောင်းသော စိတ်ရိုင်း၊ ကျွဲ၊ နွား၊ တောခွေး၊ သားရဲတို့သည်ဝင်ဖို့ရန်လာသော်လည်း ၎င်းခြံကြီး၌ ပျော်ပျော်ရွှင်ရွှင် မအားမလပ်ကစား၍နေကြသော သူတော်ကောင်း နတ်ဒေဝါတို့နှင့်တူသော အလုပ်တွေက လှုပ်ရှားဆူညံ၍နေကြသောကြောင့် ဝင်ခွင့်မရဘဲ အပြင်ဘက်ကသာ မျှော်၍ကြည့်ပြီး ရှောင်ကွင်းထွက်သွားတတ်ကြလေသည်။ ဥရောပတိုင်းရင်းသားတို့သည် အသက် ၇၀-၈၀ ရှိသော်လည်း တေးဆိုခြင်း၊ လေ့ကျွန်းခြင်း၊ ကခုန်ခြင်းကို မရပ်ကြချေ။ ကျွန်ုပ်တို့ မြန်မာလူမျိုးစိတ်၌မူကား ထိုအလုပ်မျိုးကို ကလေးဆန်သည်ဟု ဆိုကြလေသည်။ သို့သော် ကျွန်ုပ်တို့၏ ဦးကြီး၊ ဝရီး၊ ဘကြီးများကို ကရုခုန်ရ၊ လေ့ကျွန်ရမည်ဟုမဆိုလို။ စစ်တုရင်ထိုးခြင်း၊ ကက်ဆွဲခြင်း၊ မြင်းပွဲသို့ ငါးကျပ်စ တစ်ဆယ်စ သွား၍ ရေဖြတ်စပါးလုပ်ခြင်း၊ ဦးရွှေရိုးကြီးတို့ကို တစ်ခါတလေ သွား၍ ကြည့်ခြင်း၊ အငြိမ့်ပွဲသွားခြင်း၊ အိမ်၌ တီးမှုတ်သူများကို ပင့်ခေါ်ချီးမြှောက်ခြင်း၊ အလာပသလ္လာပ နီးနှောခြင်း၊ ရယ်စရာမောစရာပြောခြင်း၊ လှလှပပ ဝတ်ဆင်ပြီး လမ်းလျှောက်ခြင်း၊ အဘိုးကြီး ပါးရေတွန့်သော်လည်း အဝတ်အစားမှာ အချိုးအစားကျ၍ ကြည့်၍ကောင်းလေသည်။ လှတစ်မျက်နှာ ယဉ်တစ်ကိုယ်လုံးဟူသော စကားလည်းရှိလေသည်။ ဤကဲ့သို့ အပျော်အပါးတို့ကြောင့် အဝီစိငရဲသို့ သွားမည်ဟု မည်သူပြောပါသနည်း။ အကယ်၍ ဆရာဖြေဝတ်ရွတ်စဉ်၊ မစ္ဆာတာမောင်မှိုင်း လေးချိုးကြီးများ၊ လက်တီပဏ္ဍိတ၏ ရှစ်လုံးစပ်ကဗျာ စသည်တို့ကို အလွတ်ရလျှင်လည်း ရွတ်ဆို၍ နေနိုင်လေသည်။ မှော်ဘီဆရာသိန်းကြီး၏ စာအချိုးကလေးများသည်လည်း ရိုးသားသောအသံရှိ၍ နေ့စဉ်ပြောသော စကားလုံးများကို ကဗျာဖြစ်အောင် ရေးစပ်၍ ထားသောကြောင့် ဖတ်ဆိုရခြင်း၌ ကွာစိကို စားရသလို အရသာကို ရှာတတ်လျှင် အတော်ပင်ကောင်းလေသည်။ ၎င်း၏ စာများကို အောင်မြန်မာသတင်းစာတွင် ယခုအခါ များစွာပင် တွေ့ရှိရလေသည်။ ဤကဲ့သို့ ကလေးကလားနေခြင်းသည် နာမည်ကလေးကလားဖြစ်သော်လည်း စိတ်ကို စင်ကြယ်စေသဖြင့် ဆိုးသောစိတ်၊ ဖိစီးနှိပ်စက်ခြင်းမခံရ။ မိမိ၏ စိတ်ကို အစိုးရဖို့ ဖြစ်လေရာ အသက်ရှည်ခြင်း၊ ရောဂါကင်းခြင်း၊ မကောင်းမှုမှ လွတ်ကင်းခြင်း ဖြစ်နိုင်လေသည်။ အကြောင်းမူကား နိုင်ငံကို အစိုးရသောတန်ခိုးကြီးသော မင်းတို့သည် မိမိတို့၏စိတ်ကို အစိုးမရကြသောကြောင့် ပျက်စီးခြင်းသို့ ရောက်ဖူးလှသည်ကို ရာဇဝင်များ၌ တွေ့ရလေသည်။

အသင် အိပ်သော အိပ်ရာခန်း၌ ထင်ရှားသော နေရာတစ်ခုတွင် အောက်ပါစာကို ဆွဲချိတ်၍ထားရမည်ဟု ဒေါက်တာမာဒင် ပြောလေသည်။ ထိုစာမှာ “ဤအခန်း၌ တွေးကြံခြင်းကို မပြုရ” ဟူသော စာဖြစ်လေသည်။

အိပ်ရာ၌ အိပ်သောအခါ တွေးတောခြင်း ဟူသမျှကို မလာရအောင် စိတ်၏ တံခါးကို ပိတ်ပြီး အကြောအခြင်တို့ကိုလျှော့ကာ မျက်လုံးများကို မှိတ်၍နေလျှင် ကလေးသူငယ်များ အိပ်သကဲ့သို့ လွယ်ကူစွာအိပ်ပျော်၍သွားလိမ့်မည်။ အကယ်၍ မတွေးဘဲမနေနိုင်လျှင် အထက်၌ ဖော်ပြခဲ့သော ကောင်းသောအရာတို့ကို တွေးနိုင်လေသည်။ သို့မဟုတ် ကောင်းသောစာကို ဖတ်နိုင်လေသည်။

အိပ်ရာ၌ ဝတ္ထုဖတ်ခြင်းသည် မကောင်းသော အလေ့ဖြစ်လေသည်။ ဝတ္ထုသည် အိပ်ခြင်းကို ဖျက်ဆီးတတ်သဖြင့် ဘုရားပုခက်ဟုခေါ်ဆိုအပ်သော တရားစာတို့ကိုဖတ်လျှင် လွယ်ကူစွာ အိပ်ပျော်၍ သွားနိုင်လေသည်။ ညဉ့်အိပ်ရာ၌ ဘုရားတရားကို ဆင်ခြင်ခြင်း၊ ဆုတောင်းမေတ္တာပို့ခြင်းသည်ကား မိမိ၏စိတ်ကို လောကကြီးတစ်ခုလုံးနှင့် မဟာမိတ်ဖွဲ့သကဲ့သို့ဖြစ်သဖြင့် အလွန်အကျိုးများလေသည်။

ပျို့ရွယ်သူမိန်းမ ယောကျ်ားတို့သည် အိပ်ရာဝင်ခါနီး၌ ဘုရားရှိခိုးကြရမည်။ အိပ်ရာဝင်သောအချိန်သည် အသေကလေးသေဖို့ရန် ပြင်ဆင်သောအချိန်ဖြစ်၏။ တစ်နေ့လုံး ဘုရားတရားကို သတိမရသော်လည်း ညဉ့်အိပ်ရာဝင်သည့်အခါ သတိရကြဖို့သင့်လေသည်။ ၂၄ နာရီမှာ ငါးမိနစ်မျှ ရတနာသုံးပါးကို သတိမရသောသူသည် လူကောင်းတစ်ယောက်ဟု ခေါ်ဆိုအပ်ပါမည်လား။

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာသည် လွန်စွာလွတ်လပ်သော ဘာသာဖြစ်၏။ အခြားဘာသာများနှင့်မတူ။ ဘုရားကို တစ်နေ့လျှင် ဘယ်နှခါရှိခိုးရမည်ဟု ပညတ်ခြင်းမရှိချေ။ သို့သော်လည်း ငါလူကောင်းပဲဟု ပြောရုံနှင့်မပြီး၊ လူကောင်း၏ လက္ခဏာဖြစ်သော အလုပ်ကိုလည်းလုပ်မှ လူကောင်းပီသနိုင်လေသည်။ အဖိုးမဖြတ်နိုင်သော ရတနာတို့ဖြင့် ကျွန်ုပ်တို့ကို မွမ်းမံကာ ဝင့်မှလွတ်ရာလွတ်ကြောင်း နည်းလမ်းကောင်းတို့ကို ညွှန်ပြသော ဘုရား၊ တရား၊ သံဃာကို တစ်နေ့လျှင် အိပ်ရာမဝင်မီ ငါးမိနစ်၊ ဆယ်မိနစ်မျှ သတိမရ၊ ကျေးဇူးမတင်လျှင် လူကောင်းတစ်ယောက် ဖြစ်ဖို့ရန် ခက်လေသည်။

အိပ်ရာဝင်သောအခါ စိတ်လက်ကောင်းစွာ ထားတတ်သော သူသည် နံနက်အိပ်ရာမှထသောအခါ စိတ်လက်ကြည်လင်ပေါ့ပါးပြီး အလုပ်အကိုင် လုပ်ကိုင်ရန်အတွက် စိတ်ဉာဏ်ထက်သန်သဖြင့် “အအိပ်ကောင်းက အနိုးကောင်းသည်”ဟု ယုံကြည်အပ်လေသည်။ ဤကဲ့သို့ စိတ်ကို ကောင်းစွာထား၍ အိပ်လေ့ရှိသောသူသည် မအိုလွယ်ဘဲ ရှည်မြင့်စွာ ပျိုလျက် ရောဂါကင်း၍ ကျန်းမာခြင်းကို အမြဲဖြစ်စေနိုင်လေသည့်အပြင် သာလွန်အရေးကြီးသော ခရီးတစ်ခုမှာ စိတ်သဘောကို တိုးတက်ကောင်းမွန်မြင့်မြတ်အောင် ပြုပြင်နိုင်သောသတ္တိဖြစ်လေသည်။

(ဆက်လက်ဖော်ပြပါမည်)

မောပန်းနွမ်းနယ်မှုနှင့် သောကကင်းဝေးမှု နည်းလေးခု

ခင်မောင်ညို(ဘောဂပေဒ)

အခန်း(၃)

ဘာ့ကြောင့် မောတယ်၊ ဘာလုပ်မယ်

ထူးဆန်းသည့် ကိစ္စတစ်ခုရှိသည်။ စိတ်အလုပ်လုပ်ရုံမျှနှင့် မမောပန်းနိုင်ပါ။ မယုံဘူးလား။ ဤအကြောင်းကို သာမန်လူများက ပြောပြသည်မဟုတ်။ သိပ္ပံပညာရှင်များက ပြောခြင်းဖြစ်သည်။ အလုပ်လုပ်လေ မောပန်းလေဆိုသည့်အထဲတွင် လူဦးနှောက်မပါဝင်ပါ။ တက်တက်ကြွကြွ အလုပ်လုပ်နေသော ဦးနှောက်ထဲသို့ဝင်သွားသော သွေး၊ ထွက်လာသောသွေးတို့ကို ရှာဖွေစူးစမ်းကြည့်ရာ၌ မောပန်းသည့် အရိပ်အယောင် လုံးဝမတွေ့ရပေ။ အလုပ်ကြမ်းသမားတစ်ယောက် အလုပ်လုပ်နေစဉ် သူ၏ ခန္ဓာကိုယ်ထဲမှ သွေးကို ဖောက်ထုတ်ကြည့်လျှင် မောပန်းစေသော အဆိပ်အတောက်များကို တွေ့ရသည်။ ကမ္ဘာကျော် သိပ္ပံပညာရှင် အဲလ်ဘတ်အိုင်းစတိုင်း တစ်နေကုန် အလုပ်လုပ်ပြီး သူ၏ ဦးနှောက်မှ သွေးတစ်စက်မျှကို ယူကြည့်လျှင် ထိုအဆိပ်အတောက်မျိုး လုံးဝမတွေ့ရပေ။

ဦးနှောက်သည် ရှစ်နာရီကြာအောင်ပဲ လုပ်လုပ်၊ ၁၂ နာရီကြာအောင်ပဲ လုပ်လုပ်၊ အလုပ်စလုပ်စဉ်အချိန်ကအတိုင်း မမောမပန်း အလုပ်လုပ်နိုင်သည်။ မောတတ်သည့်အထဲမှာ ဦးနှောက်မပါ။ ဒါဖြင့် ဘာကြောင့် မောသလဲ။

စိတ်ပညာရှင်များက ကျွန်ုပ်တို့ မောပန်းနွမ်းနယ်ရခြင်းမှာ စိတ်ပိုင်းဆိုင်ရာသဘောထားများ၊ စိတ်လှုပ်ရှားမှုများကြောင့်ဖြစ်သည်ဟု ဆိုသည်။ အင်္ဂလန်နိုင်ငံ၌ အထင်ရှားဆုံး စိတ်ပညာရှင်တစ်ဦးဖြစ်သော ဂျေ-အေ-ဟက်ဒ်ဖီးလ်ဒ်က “စိတ်တန်ခိုး” ဟူသော စာအုပ်တွင် ကိုယ်ခန္ဓာလှုပ်ရှားမှု သက်သက်ကြောင့် မောပန်းခြင်းမျိုးသည် ရှားပြီး စိတ်ကိုအရင်းခံ၍သာ မောပန်းရခြင်းဖြစ်သည်ဟု ဆိုထားသည်။

အမေရိကန်နိုင်ငံတွင် ထင်ရှားသည့် စိတ်ပညာရှင်တစ်ဦးဖြစ်သူ ဒေါက်တာ အေအေဘာရစ်လ်က ထို့ထက် ပို၍ပင် ဆိုထားသေးသည်။ ‘တစ်နေ့လုံး ကုလားထိုင်တွင်ထိုင်၍ လုပ်ရသော ရုံးအလုပ်သမား တစ်ယောက် မောပန်းရသည်မှာ စိတ်ကြောင့်ပင်ဖြစ်သည်’ ဟု ဆိုသည်။

ထိုအလုပ်သမားများ မောပန်းရသည်မှာ ဘာကြောင့်လို့ ထင်ပါသလဲ။ ပျော်ရွှင်မှုကြောင့် မောခြင်းလည်းမဟုတ်၊ ကျေနပ်မှုကြောင့် မောခြင်းလည်းမဟုတ်။ ပျင်းရိငြီးငွေ့မှု၊ မကျေနပ်မှု၊ တန်ဖိုးထားခြင်းမခံရမှု၊ အသုံးမဝင်အရာမရောက် အချည်းနှီးဖြစ်သည်ဟု ခံစားရမှု၊ လောလော လောလောလုပ်မှုသောကများမှုတို့ကြောင့် မောပန်းနွမ်းနယ်ရခြင်းဖြစ်သည်။ ထိုခံစားမှုကြောင့် ရုံးအလုပ်သမားတို့သည် နှာစေးအအေးမိလွယ်ခြင်း၊ လုပ်အားကျဆင်းခြင်း၊ အိမ်အပြန်တွင် ခေါင်းကိုက်ဝေဒနာ ခံစားရခြင်းတို့ ဖြစ်လွယ်ကြသည်။ ကျွန်တော်တို့ မောပန်းနွမ်းနယ်ရခြင်းမှာ ကျွန်တော်တို့၏ ခံစားချက်များကြောင့် ခန္ဓာကိုယ်ရှိ အာရုံကြောများ တောင့်တင်းလာ၍ဖြစ်သည်။

မက်ထရိုပိုလီတန် အသက်အာမခံကုမ္ပဏီမှ ဝေဂျသောစာစောင်တစ်ခုဌ မောပန်းနွမ်းနယ်မှုအကြောင်း ဖော်ပြထားသည်။ အလုပ်ကြိုးစားပမ်းစားလုပ်ခြင်းကြောင့် မောပန်းခဲသည်။ ပင်ပန်းလာလျှင် အိပ်ရေးဝဝ အိပ်လိုက်ခြင်း၊ အနားယူအပန်းဖြေလိုက်ခြင်းဖြင့် အမောအပန်းပြေသွားနိုင်သည်။ သို့သော် သောက၊ စိတ်ကျဉ်းကျပ်မှု၊ စိတ်ပျက်မှုတို့သည် မောပန်းနွမ်းနယ်မှုကို ဖြစ်စေသော အဓိကအကြောင်းတရားသုံးခုဖြစ်သည်။ ကာယအလုပ်၊ ဉာဏ်အလုပ်တွေကြောင့် မောပန်းနွမ်းနယ်သည်ဟု အပြစ်တင်တတ်ကြသော်လည်း အမှန်တော့မဟုတ်ပေ။ အလုပ်လုပ်သည့်အခါ ကြွက်သားများ တင်းမာနေတတ်သည်။ ကြွက်သားတွေကို ဖြေလျှော့ပေးပါ။ အရေးကြီးသည့်ကိစ္စများအတွက် ခွန်အားတွေကို ချွေတာပါ။

ယခု စာဖတ်နေသည်ကိုရပ်ပြီး ကိုယ့်ကိုယ်ကိုယ် ပြန်စစ်ဆေးကြည့်ပါ။ ဤစာအုပ်ကို ဖတ်နေသည့်အခါ မျက်မှောင်ကြုတ်၍ ဖတ်နေသလား။ မျက်စိနှစ်လုံးကြားမှာ အကြောတွေ တင်းနေသလား။ ကုလားထိုင်မှာ သက်သောင့်သက်သာ ထိုင်နေရဲ့လား။ ပခုံးတွေ ကုန်းနေသလား။ မျက်နှာပေါ်က အကြောအခြင်တွေ တင်းနေသလား။ သင့်ခန္ဓာကိုယ်တစ်ခုလုံး ကလေးကစားတဲ့အရုပ်လို လျော့ရဲရဲဖြစ်နေသလား။ တောင့်တောင့်ကြီးဖြစ်နေသလား။ တောင့်တောင့်ကြီးဖြစ်နေလျှင် အာရုံကြောတွေ၊ ကြွက်သားတွေတင်းမာကုန်ပြီ။ အာရုံကြောတွေ မောပန်းနွမ်းနယ်ကုန်တော့မည်။

စိတ်အလုပ်၊ ဉာဏ်အလုပ်များကို လုပ်ရာ၌ မလိုအပ်ဘဲ ဘာလို့တောင့်တောင့်ကြီး လုပ်နေရ သလဲ။ ဒင်နီယယ်လ်ဒဗလျူ ဂျို့စလင်းက ပြောဖူးသည်။ “အဓိကကတော့ ခက်တဲ့အလုပ်ဆိုရင် အားစိုက်လုပ်ရမှဖြစ်မယ်လို့ ထင်နေတာကြောင့်ပဲ။ အားစိုက်မလုပ်ရင် အလုပ်ကောင်းကောင်းမပြီးဘူး၊ တော်ရိလျော်ရိပဲဖြစ်မယ်လို့ ထင်နေတတ်ကြတယ်။ ထိုအထင်ကြောင့်ပင် ကျွန်တော်တို့ အာရုံစိုက်ပြီဆိုလျှင် မျက်မှောင်ကြုတ်ထားတတ်ကြသည်။ ပခုံးတွေ ကွေးထားတတ်ကြသည်။ အကြောတွေ တင်းထားတတ်ကြသည်။ ထိုသို့လုပ်ခြင်းသည် စိတ်အလုပ်၊ ဉာဏ်အလုပ်ကို လုံးဝအထောက်အကူမပြု။

အံ့သြစရာလည်းကောင်း၊ ဝမ်းနည်းစရာလည်းကောင်းသည့် အမှန်တရားတစ်ခုရှိသည်။ ငွေကုန်မခံချင်ကြသည့် လူသန်းပေါင်းများစွာတို့သည် စင်ကာပူဆိပ်ကမ်း၌ တက်ရမ်းသည့် အရက်မူးသဘော်ဘားခုနစ်ယောက်လို ယင်းတို့၏ စွမ်းအားများကို အလဟဿ ဖြုန်းတီးပစ်နေကြသည်။

ဘာကြောင့် မောသည်ကို သိလျှင် ဘာလုပ်ရမည်ကို အလွယ်တကူ သိရှိနိုင်ပါသည်။ သက်သောင့်သက်သာ အလုပ်လုပ်ပါ။ အနားယူပါ။ အလုပ်လုပ်နေစဉ်မှာပင် သက်သောင့်သက်သာနေပါ။

လွယ်မယ် ထင်ပါသလား၊ မလွယ်လှပါ။ တစ်သက်လုံးစွဲနေသည့် အကျင့်တစ်ခုကို ပြောင်းပြန်လှန်ပစ်ရမည့်ကိစ္စဖြစ်သည်။ သို့သော် ကြိုးစားရကျိုးနပ်ပါသည်။ သင့်ဘဝကို တော်လှန်ပြောင်းလဲပေးပါလိမ့်မည်။ ဝီလျံဂျိမ်းစ်က “အနားယူနည်းတရား”ကျမ်း၌ “အမေရိကန်တွေမှာ အကျင့်ဆိုးတွေရှိတယ်။ အာရုံစိုက်လွန်းတယ်။ အသက်ရှူမှားလောက်အောင် လောကြီးတယ်။ အပြောအဆို အပြုအမူတွေ ပြင်းထန်တယ်”ဟု အပြစ်တင်လေသည်။ ကိုယ်လက်တောင့်တောင့်ကြီးနေခြင်းသည်လည်း အကျင့်တစ်ခုဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS)၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃
(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄
(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅
(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၅၉၃၊ ၀၄၂- ၂၀၂၅၅၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကဒ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ၊ လျှော့ပေါ့ခွင့်ရသူများနှင့် ရွှေ့ဆိုင်းခွင့်ရသူများ

ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။
(ခ) အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။
(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်း မသင့်လျော်သူ ဖြစ်ကြောင်း သတ်မှတ်ထားသူများ။
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က)ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။
(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။
မှတ်ချက်။ အကယ်၍ ၎င်း သားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။
(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွက်ဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။
(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေ လိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။
(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။
(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
(ခ) နိုင်ငံ့ဝန်ထမ်းများ။
(ဂ) ပညာသင်ကြားနေသူများ။
(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။
(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။
(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။
(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

စလင်းမြို့နယ်၌ မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သချိုင်္ဂာစွမ်းရည်ပြိုင်ပွဲ ကျင်းပ

စလင်း အောက်တိုဘာ ၂၉

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သချိုင်္ဂာစွမ်းရည်ပြိုင်ပွဲကို စလင်းမြို့ မြင်တင်ရပ်ကွက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သချိုင်္ဂာစွမ်းရည်ပြိုင်ပွဲကို မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ Grade-5ကျောင်းသား ကျောင်းသူ ၄၆ ဦး၊Grade-6 ကျောင်းသား ကျောင်းသူ ၃၈ ဦး၊Grade-7ကျောင်းသား ကျောင်းသူ ၃၄ ဦး၊Grade-8 ကျောင်းသား ကျောင်းသူ ၁၈ ဦး၊Grade-9ကျောင်းသား ကျောင်းသူ ၂၆ ဦး စုစုပေါင်း



ကျောင်းသား ကျောင်းသူ ၁၆၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုလျက်ရှိကြောင်း သိရသည်။

မောင်လွင်(စလင်း)



ဆိပ်ဖြူမြို့နယ်၌ မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သချိုင်္ဂာစွမ်းရည်ပြိုင်ပွဲ ကျင်းပ

ဆိပ်ဖြူ အောက်တိုဘာ ၂၉

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် ဘာသာရပ်စွမ်းရည်ပြိုင်ပွဲကို အောက်တိုဘာ ၂၉ ရက် နံနက် ၉ နာရီက ဆိပ်ဖြူ(အထက)၌ ကျင်းပရာ မြို့နယ် ပညာရေးမှူးရုံး၏ ကြီးကြပ်မှုဖြင့် ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများနှင့် အင်္ဂလိပ်စာဘာသာရပ်စွမ်းရည်ကို Grade - 5 မှ Grade - 9 ကျောင်းသား ကျောင်းသူ ၅၀၊ သချိုင်္ဂာဘာသာရပ် စွမ်းရည်ကို ကျောင်းသား ကျောင်းသူ ၅၆ ဦး ဝင်ရောက် ဖြေဆိုယှဉ်ပြိုင်ကြောင်း သိရသည်။

စိုးလင်းနိုင်(IPRD)

သုံးခွမြို့နယ်၌ ဘာသာရပ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

သုံးခွ အောက်တိုဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့်သချိုင်္ဂာဘာသာစွမ်းရည်ပြိုင်ပွဲကို အောက်တိုဘာ ၂၉ ရက် နံနက် ၉ နာရီက အထက(၂)၌ ကျင်းပရာ အင်္ဂလိပ်စာ ဘာသာရပ်စွမ်းရည်ပြိုင်ပွဲတွင် Grade-5မှGrade-9ထိ ကျောင်းသား ကျောင်းသူ ၁၃၅ ဦးနှင့် သချိုင်္ဂာဘာသာရပ်စွမ်းရည်ပြိုင်ပွဲတွင် ၁၄၂ ဦးတို့ ဝင်ရောက်ဖြေဆိုကြကြောင်း သိရသည်။ ကိုကျော်(သုံးခွ)



ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်၊ ဘိုးတော်ကုန်းကျေးရွာအုပ်စု၊ အကွက်အမှတ်(၆၇၂-က)နှတ်ရေတွင်းကွင်း၊ ဦးပိုင်အမှတ် (၆၇/၂) မြေဧရိယာ(၄.၈၀)ဧကအား ဦးဉာဏ်ဝင်း[၇/ရတရ(နိုင်)၀၀၆၃၅၀]မှ စက်ဆုံးပွားမြေငှားဂရန်(အသစ်) လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူ ရှိပါက မြေပိုင်ဆိုင်မှုအထောက်အထားများတင်ပြပြီး ယနေ့မှစ၍ အမှတ်(၃) ရပ်ကွက် ရေတာရှည်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ဦးဉာဏ်ဝင်း[၇/ရတရ(နိုင်)၀၀၆၃၅၀]အမည်ဖြင့် မြေငှားဂရန် ထုတ်ပေးရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာပါသည်။

ရေတာရှည်မြို့နယ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

“ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂၃) ရပ်ကွက်၊ ဟံသာဝတီလမ်း၊ အမှတ်(၆၉၂)၊ အကျယ်အဝန်း (၄၀×၆၀)ပေအနက်မှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း (၂၀×၆၀)ပေရှိ ပါမစ်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြေအမည်ပေါက် ဦးသဝဝင်းထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆို ဝန်ခံသူ ဒေါ်ဝဉ်ခိုင် [၁၂/ဒဂရ(နိုင်) ၀၀၅၈၇၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနေဦး [၅/ရဘန(နိုင်) ၁၄၈၃၄၉]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း (မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဦးထွန်းသူအောင် (LL.B)
အထက်တန်းရှေ့နေ (စဉ်-၂၅၇၆၄)
အမှတ် (၁၁၅)၊ ပထမထပ်၊ (၃၃) လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၇၈၀၀၅၄၀၆၀

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၈)ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်(၂၄)၊ (၂)ခန်းတွဲ (၆)ထပ်တိုက်၏(၃)လွှာ၊(တိုက်ကိုမျက်နှာမူလျှင်ယာဘက်ခြမ်း) အလျား(၁၂၅)ပေ× အနံ(၅၀)ပေရှိ တိုက်ခန်းနှင့် တိုက်ခန်းတွင် ခွဲမြှတ်ပဆင်ထားသောပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ဦးသက်အောင်(၁၂/ဗတထ(နိုင်)၀၀၀၆၂၅)မှ (၉.၂.၂၀၁၂)ရက်စွဲပါရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မိသားစုအတွင်း စီမံဆောင်ရွက်ကြခြင်း သဘောတူကတိစာချုပ်(၁၄၉၈)အရ ပိုင်ဆိုင်ရောင်းချိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ (၁)ဦးမင်းလွင် (၁၂/ပဇတ(နိုင်)၀၂၂၈၃၉) (၂)ဒေါ်ရီရီဇော (၁၂/ပဇတ(နိုင်)၀၂၄၁၈၄)တို့မှ စရံငွေပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်ဖြူဖြူသန့် တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၁၁)
LL.B., D.B.L., WIPO-101(Switzerland)
အမှတ်-၁၂၈၊ ၄၁-လမ်း၊ မြေညီထပ်၊ ဝိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုံးဖုန်း-၀၁ ၈၂၄၅၇၄၄၊ ၀၉ ၅၄၀၃၄၄၊ ၀၉ ၅၀၀၈၈၀၀၀ ၂၆

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- UE(1) တိုးချဲ့ရပ်ကွက်၊ မြေကွက်အမှတ်-၄၉၃-က၊ BM(1)လမ်းရှိ အလျား(၂၀)ပေ× အနံ(၆၀)ပေ (မျက်နှာမူကြည့်လျှင် လက်ဝဲဘက်ခြမ်း)ရှိ ပါမစ်မြေအမျိုးအစားမြေကွက်နှင့် မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်း နှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးအောင်ကြွင့် (CE 071822)မှ အမည်ပေါက်ပြီး၊ ဦးကျော်သူရ (စ/မသန(နိုင်)၀၁၁၈၂၄)မှ စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမင်းယုစံ(၅/ဒပယ(နိုင်)၀၇၇၅၂၁)မှ စရံငွေပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်းအထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်ဖြူဖြူသန့် တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၁၁)
LL.B., D.B.L., WIPO-101(Switzerland)
အမှတ်-၁၂၈၊ ၄၁-လမ်း၊ မြေညီထပ်၊ ဝိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုံးဖုန်း-၀၁ ၈၂၄၅၇၄၄၊ ၀၉ ၅၄၀၃၄၄၊ ၀၉ ၅၀၀၈၈၀၀၀ ၂၆

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်အမှတ်- FMI City အိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ်(FMI-၈)၊ မြေကွက်အမှတ်(၅၂၀) ရေိယာ(၀. ၀၅၅)ကေရှိ ဒေါ်ဒီဘိုရာ(ခ)ဒေါ်ဒီဘိုရာ(၁၂/ဗတထ(နိုင်)၀၁၆၄၉၀) အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လှိုင်သာယာမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ FMI City အိမ်ရာ၊ သဇင်(၅)လမ်း၊ တိုက်အမှတ်(D-37)ဟူခေါ်တွင်သော(၂)ထပ်တိုက်နေအိမ်အဆောက်အဦတစ်ခုအပါအဝင် ဆက်နွယ်တည်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်မာလာဆွေ
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၄၆၆/၁၉၉၇)
LL.B.,H.G.P.,D.B.L.,D.M.L.,D.I.L.,D.A.Psy.,WIPO(Switzerland).
အမှတ်(၁၁)၊ဦးဘဟန်လမ်း၊သယ်နံးကျွန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ဖုန်း-၀၉ ၅၁၂၂၉၂၈၊ ၀၉ ၅၁၅၄၆၉၂

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

